# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင် ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ နှင့်သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ် ကျင့်သုံးနိုင်ရေးအတွက် လေ့လာတွေ့ရှိ ချက်များနှင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ပြည်ထောင်စု

*စာမျက်နှာ ၇ ကော်လံ ၁* ❑



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံစဉ်။

**ယနေ့** *ဖတ် စ ရာ*

## အသိမှသည် လေ့ကျင့်မှု၊ အလေ့အကျင့်မှသည် ယှဉ်ပြိုင်ခြင်းဆီသို့

ဆောင်းပါး

စာ ၉



## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

အမျိုးသားအားကစားပွဲတော်

စာ ၁၂



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန် မသန်စွမ်းရေကူး အမျိုးသား S4/5 မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ မသန်စွမ်းရေကူးအမျိုးသား S6/7 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၅

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။**

ဦးစွာ မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမူထန်၊ ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်း ရေကူးအမျိုးသမီး S6/10 မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမျိုးသား S9/10 မီတာ (၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

### အထိမ်းအမှတ်အရုပ်အားပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယနှင့်တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက မသန်စွမ်းရေကူးအမျိုးသား S6/7 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S6/7 မီတာ (၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မသန်စွမ်းရေကူးအမျိုးသား S9/10 မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်က မသန်စွမ်း ရေကူးအမျိုးသား S4/5 မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S4/5 မီတာ(၅၀) *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိုမ်း၊ ဦးရန်ကျော်နှင့် တာဝန်ရှိသူများ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိုမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမျိုးသားသံလုံးပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးသံပြားပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံလုံးပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားတန်းမြင့်ခုန် F 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ (၁၅၀၀) T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသား သံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ (၂၀၀) T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိုမ်းက အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီးမီတာ (၂၀၀) T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားလုံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသား မီတာ (၂၀၀) T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး မျက်မမြင် စစ်တုရင်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၆ ရက်နှင့် ၈ ရက်နေ့များတွင် သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသား လုံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိုမ်း အမျိုးသမီးသံလုံးပစ် F 44/ 62/63/64 ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အမျိုးသားသံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက်တည်ရှိပြီး နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံ အကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်း၍ အပြုသဘောဆောင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၅**

ထိုင်းနိုင်ငံဘုရင်မင်းမြတ်ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဇနီး၊ တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

**ညစာစားပွဲဖြင့် တည်ခင်း**

ဆက်လက်၍ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့်တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဒေါက်တာဗညားအောင်မိုးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် ဦးမျိုးသန့် Naypyitaw State Academy အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေသည့် အခြေအနေကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် ဦးမျိုးသန့်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့တွင် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center၊ စာသင်ဆောင်များ၊ အိပ်ဆောင်နှင့် ထမင်းစားဆောင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် Naypyitaw State Academy ၏ ပင်မဆောင်အရှေ့ရှိ Recreation Park ကို တက္ကသိုလ် အင်္ဂါရပ်နှင့်အညီ သစ်ပင်ပန်းမန်များ၊ ရေပန်းအလှများ၊ မီးအလှများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး အရည်အသွေးအကောင်းဆုံးဖြင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရန်မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တည်ဆောက်ပေးလျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Naypyitaw State Academy ရှိ (၆ ထပ်) စာသင်ဆောင်သို့ သွားရောက်၍ ပညာသင်ကြားနေသည့်တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ Naypyitaw State Academy သည် စဉ်းစားတွေးခေါ် ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြား၊ သင်ယူ ၊ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ် ဖြစ်ပါကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံစေရန် (၆ ထပ်) စာသင်ဆောင်အသစ်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center၊ ကျောင်းသား အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက် ရှိပါကြောင်း။

ကျောင်းသားဗဟိုပြု သင်ကြားမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စာသင်ခန်းတိုင်းအတွက် Interactive Smart Blackboard များကိုလည်း တပ်ဆင်ပေးထားသည့်အပြင် Up-to-Date ဖြစ်သည့် Textbooks များ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library အပါအဝင် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီး ဖြစ်ပါကြောင်း၊ အထူးပြုဘာသာရပ်များကို သင်ကြားပို့ချမည့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများအား စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များ မြင့်မားပြီး စိတ်ဓာတ်နှင့် ခံယူချက်မှန်ကန်ကောင်းမွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်က အားကိုးအားထား ပြုအပ်သောလူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားကာ စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ထုတ်ကုန်ပြခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ ပုဗ္ဗသီရိမြို့နယ်ရှိ တည်းခိုရေးစခန်း(ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှု အခြေအနေကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအားကစားပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ မိမိထုတ်ကုန်များ၏ ကောင်းမွန်သည့် အချက်အလက်များကို နိုင်ငံအနှံ့ လွယ်လင့်တကူ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်၍ ရရှိသည့်အခွင့်အရေးများကို ပိုင်နိုင်စွာရယူနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ စဉ်ဆက်မပြတ် ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ပြခန်း ၄၈ ခန်း၊ တည်းခိုရေးစခန်း(ရွာတော်)တွင် ပြခန်း ၂၆ ခန်း စုစုပေါင်းပြခန်း ၇၄ ခန်းတို့တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းအမယ် ၄၅၀ ကျော်ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်မည့် အားကစားသမားများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်မည့် အားကစားသမားများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည်။**



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ချမှတ်ထားသည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်အရ လူတိုင်းအတွက် သက်ရှည် ကျန်းမာရေးသည် အဓိကကျပြီး အားကစားပြုလုပ်ခြင်းကြောင့် တစ်ကိုယ်ရေကျန်းမာရေး အကျိုးရလဒ်ရရှိခြင်းအပြင် အသင်းအဖွဲ့နှင့်ဆောင်ရွက်ရခြင်းကြောင့် အချင်းချင်း စည်းလုံးညီညွတ်စေသည့် စုပေါင်းစိတ်ဓာတ်ကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအတွက် အကောင်းဆုံး စွမ်းဆောင်၍ ယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမားများ အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားတွင် ချီတက်မည့် ဝန်ကြီးဌာနအသင်း လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဂေါက်သီးရိုက်အားကစားနည်း၊ ဖူဆယ်အားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အမျိုးသမီး အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ရေးနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကင်းဝေးစေရေးအတွက် ကုလသမဂ္ဂမှချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်အဆင့် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုနှစ်ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ဖို့ အားလုံးပေါင်းစု ကြိုးပမ်းလို့ ဘေဂျင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့" ဖြစ်ပြီး ဆောင်ပုဒ်၏အဓိက အလေးပေးလိုသည့် အချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ရပ်တန့်ရန်အတွက် ကျူးလွန်သူကို လုံးဝလွတ်မြောက်ခွင့်မပေးဘဲ ထိရောက်သည့် ပြစ်ဒဏ်ပေးခြင်း၊ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်မပေးခြင်းအပြင် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် ဥပဒေဖြင့် အကာအကွယ်ရယူရန် တရားရေးဆိုင်ရာဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လှုံ့ဆော်ပေးခြင်းဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဒီဇင်ဘာ ၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေသည်။ **မိုးဇလ**

❑ *ရှေ့ဖုံးမှ*

စိတ်ဓာတ်အရင်းခံဖြင့် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲများပပျောက်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ ထွန်းကားလာစေရေး၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့မှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုအခြေအနေများ၊ NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဆွေးနွေးပွဲ အစီအစဉ်များ၊ NSPNC ၏ ဖွဲ့စည်းမှု၊ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆောင်ရွက်မှုအခြေအနေများ၊ NSPNC နှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းလာစေရေးနှင့် ပါတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ကိစ္စတို့အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုဝင်ဘာပထမပတ်အတွင်း အိန္ဒိယနိုင်ငံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီကိုယ်စားလှယ်ခြောက်ဦးက အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ၊ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် အခွန်အခွဲဝေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒေသတွင်း အတွေ့အကြုံများ၊ ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်း ခေါင်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း) က ကော်မတီနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ အလုပ်အဖွဲ့တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိခဲ့သည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ် ၁၅ ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သဘောထားများ၊ အကြံပြုချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြပြီး တွေ့ဆုံပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

တွေ့ဆုံပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှော့ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာ MoU မူဘောင်အရ လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် MoU သက်တမ်းထပ်မံ တိုးမြှင့်နိုင်ရေးအတွက် သုံးပွင့်ဆိုင် လက်မှတ်ရေးထိုးဆောင်ရွက်မည့် အစီအစဉ်၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် နိုင်ငံတွင်း နေထိုင်ကြောင်း အထောက်အထား စိစစ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များနှင့် UNHCR မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ ဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေး ဆောင်ရွက်ပေးမှု အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့အကြား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ကို စနစ်တကျမြှင့်တင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၅

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Max Hotel ၌ ကျင်းပသည်။**





အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ Nay Pyi Taw State Academy (NSA)၊ မန္တလာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်ကို ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီအဆင့်အထိ ပေးအပ်နိုင်ရန် ရည်ရွယ်ထားရှိပါကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများနှင့် တက္ကသိုလ်အဆင့် ဘွဲ့ဒီဂရီကို ရယူလိုသူများအား သက်မွေးပညာကဏ္ဍမှ ပေါင်းကူး ဆက်သွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ကို စနစ်တကျမြှင့်တင်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်း၌ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်း၊ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို တိုးပွားလာနိုင်ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်မှုကို လျှော့ချနိုင်ကာ တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား၊ စီးပွားရေးနှင့် နိုင်ငံ့ဝင်ငွေ မြှင့်တင်ခြင်းတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ညှော့ဝန်ဆောင်မှုနှင့် ခရီးသွားပညာကဲ့သို့ သက်မွေးပညာကျောင်းတစ်ခုကို တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသိအမှတ်ပြုမှု အစီအစဉ် (Accreditation Program) ကို အထောက်အပံ့ဖြစ်စေပြီး ဝန်ကြီးဌာန၏ အသိအမှတ်ပြုဒီပလိုမာ၊ ဘွဲ့ဒီဂရီများကို ရယူနိုင်မည်ဖြစ်ကာ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် (MRA–TP) အတွက် အဆင်သင့်ဖြစ်နေမည် ဖြစ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် မုံရွာစီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ထူးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေ၊ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် အခွင့်အလမ်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်း တည်ထောင်ရေးနှင့် စပ်လျဉ်းသော လိုအပ်ချက်များ၊ အဖွဲ့အလိုက်ဆွေးနွေးမည့် ခေါင်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ အစီအစဉ်များအရ အဖွဲ့ငါးဖွဲ့ခွဲ၍ သက်ဆိုင်ရာ ခေါင်းစဉ်များဖြင့် အဖွဲ့လိုက် ဆွေးနွေးခြင်း၊ စကားဝိုင်း ဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလိုလားသူတို့၏စကားသံများ



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



ဒေါက်တာအောင်မြတ်ဦး



ဦးကိုကိုကြီး



ဒေါက်တာအေးမောင်



ဦးထက်အောင်ကျော်



ဦးခေါတိန့်



ဒေါ်စောယုမာ

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပလျက်ရှိသည်။

လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ် ကျင့်သုံးနိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများ၏ စကားသံများကို စုစည်း ဖော်ပြလိုက်ရပါသည်။

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းကော်မတီ**

ဒီနေ့ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲက လေ့လာရရှိခဲ့တဲ့ အတွေ့အကြုံတွေကို ရှင်းလင်းခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ အချို့ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ် တည်ဆောက်နိုင်ရေးနဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးကဏ္ဍဆိုင်ရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီလို ဆွေးနွေးတာက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အတွက် လွှတ်တော် ပြင်ပလမ်းကြောင်းက ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။

တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေအနေနဲ့ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အစိုးရ၊ လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်လာကြမှာဖြစ်ပါတယ်။ အခုလိုဆွေးနွေးပွဲတွေက ရရှိလာမယ့် သဘောတူညီချက်တွေကို လွှတ်တော်အတွင်းမှာ ပြန်လည်ဆွေးနွေးကြရင် လွယ်ကူမြန်ဆန်စွာ သဘောတူညီနိုင်ကြမှာ ဖြစ်ပါတယ်။

ညှိနှိုင်းရေးကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး ဘုံသဘောတူညီချက်တွေ ရရှိအောင် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်ဦး**
**ဗဟိုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

အခုလို နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ၊ NSPC က ဆောင်ရွက်ပေးတဲ့ဆွေးနွေးပွဲတွေ၊ အခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေကို သွားရောက်လေ့လာရတာတွေက ကျွန်တော်တို့အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် ကျွန်တော်တို့ မသိတာတွေ များများသိလာဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးတွေ ပိုပြီးမြင့်လာဖို့ လိုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ ဒါကြောင့် ဒီလိုတွေ့ဆုံဆွေးနွေးပွဲတွေကို ကြိုဆိုပါတယ်။ တည်ငြိမ်အေးချမ်းမှုက ရပ်ကွက်တစ်ခုပဲဖြစ်ဖြစ်၊ ဒေသတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲဖြစ်ဖြစ် မဖြစ်မနေလိုအပ်ပါတယ်။ တည်ငြိမ်မှုမရှိရင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အကုန်ခက်ခဲပါတယ်။ တည်ငြိမ်အေးချမ်းမှု မရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကလည်း လုပ်ဆောင်လို့မရပါဘူး။ ဒါကြောင့် အဘက်ဘက်က ဝိုင်းဝန်းစဉ်းစားကြပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးခေါင်းစဉ်နဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံများဆိုတဲ့ ခေါင်းစဉ်တွေကို တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ဝိုင်းဝန်းဆွေးနွေးကြမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့အခြေအနေအရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေကနေ ရလဒ်ကောင်းတွေရဖို့ အရေးကြီးပါတယ်။ ပြည်သူတွေကြားထဲမှာရော အခုပဋိပက္ခမှာ ပါဝင်နေတဲ့သူတွေကြားထဲမှာပါ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုတွေကနေ ရလဒ်ကောင်းတွေ ရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်၊ ဒါကို လမ်းစပွင့်သွားဖို့ ရည်ရွယ်ပါတယ်။

အိန္ဒိယက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ဖိတ်ကြားတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက နိုင်ငံမှာ အမြင့်ဆုံးဥပဒေပါ။ အစိုးရတစ်ရပ်က ဘယ်လိုအုပ်ချုပ်ရမယ်။ အခွင့်အာဏာ ဘယ်လောက်ရှိတယ်ဆိုတာ ဖွဲ့စည်းပုံက သတ်မှတ်ပေးထားတယ်။ ဖွဲ့စည်းပုံဘောင်ထဲကနေ ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ဆွေးနွေးညှိနှိုင်းတာ၊ ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းတွေနဲ့ ဆောင်ရွက်တာတွေကို အိန္ဒိယနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေတာဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက မတူကွဲပြားမှုတွေများတဲ့ နိုင်ငံမှာ နိုင်ငံရေးနည်းလမ်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနည်းလမ်းနဲ့ ဖြေရှင်းတဲ့ အတွေ့အကြုံကို လေ့လာခွင့်ရခဲ့ပါတယ်။ ဖက်ဒရယ်စနစ်ဆိုရင်လည်း အိန္ဒိယနိုင်ငံရဲ့ ဖက်ဒရယ်ပုံစံက ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးအထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု ခေါင်းစဉ်အောက်မှာ ဘယ်လို ပြည်ထောင်စုမျိုးကို တည်ဆောက်မှာလဲဆိုတဲ့အချက်နဲ့ ရွေးကောက်ပွဲလုံခြုံရေးနဲ့ ပတ်သက်တဲ့ အပိုင်းကို ဆွေးနွေးသွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ဆက်စပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်နိုင်ငံရဲ့နမူနာတွေကိုလည်း ကြည့်ဖို့လိုပါတယ်။ တွေ့ဆုံပွဲရဲ့ ရလဒ်ကတော့ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို ပုံဖော်မှာလဲဆိုတဲ့ ရည်မှန်းချက်နဲ့ ဆိုင်ပါတယ်။

**ဦးထက်အောင်ကျော်**
**ဒုတိယဥက္ကဋ္ဌ၊**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ အိန္ဒိယခရီးစဉ်မှာ လေ့လာခဲ့ရတဲ့ အိန္ဒိယနိုင်ငံရဲ့ ဒေသန္တရအုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို ဘယ်လိုထူထောင်မလဲဆိုတဲ့အချက်၊ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံစတဲ့ ခေါင်းစဉ် သုံးခုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီက ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီဖြစ်တဲ့အတွက် မဲဆန္ဒနယ်ကျင်းပမယ့်အပေါ် မူတည်ပြီး ရာနှုန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုးစားထားပါတယ်။

**ဦးခေါတိန့်**
**အတွင်းရေးမှူး၊**
**ဒီမိုကရေစီပါတီသစ်(ကချင်)**

ရွေးကောက်ပွဲမှာ လုံခြုံရေးဆိုင်ရာနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ ရွေးကောက်ပွဲကျင်းပဖို့ လုပ်ငန်းစဉ်ပါဝင်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲကျင်းပပေးပြီး တက်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန်လွှဲအပ်သွားဖို့ ရွေးကောက်ပွဲက မဖြစ်မနေကျင်းပရမယ်။ အခု နိုင်ငံရေးအခြေအနေအရ လက်နက်ကိုင်ပဋိပက္ခတွေ ရှိနေတယ်။ ပြည်သူလူထုအားလုံးကလည်း ဒီဒုက္ခတွေကို ခါးသီးစွာခံနေရတယ်။ ပြည်သူတွေရဲ့ဆန္ဒက ငြိမ်းချမ်းချင်တယ်။ ပြည်သူအားလုံးက ရွေးကောက်ပွဲကျင်းပဖို့ ဆန္ဒရှိကြတယ်။ လက်ရှိအခြေအနေက နယ်မြေလုံခြုံ တည်ငြိမ်ရေးအတွက် အခက်အခဲတွေရှိတယ်။ တစ်ဖက်က လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အချို့တွေဆိုရင် ရွေးကောက်ပွဲလုံးဝ မကျင်းပရဘူးလို့ ပြောဆိုနေကြတာတွေ ရှိတယ်။ နိုင်ငံရေးအရ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍက ပျောက်ကွယ်သွားမယ့်အနေအထားရှိပါတယ်။ အဓိကက ပြည်သူလူထုဆန္ဒမဲပေးနိုင်ရေးကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ဒေါ်စောယုမာ**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးအတွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မနက်ပိုင်းမှာ အိန္ဒိယခရီးစဉ်ပါဝင်ခဲ့တဲ့ ပါတီတွေက လေ့လာမှတ်သားခဲ့ရတာတွေကို မျှဝေပေးတာဖြစ်ပါတယ်။ မသိသေးတဲ့သူတွေလည်း သိရတယ်။ သိပြီးသားလည်း ထပ်မံသိရတဲ့အတွက် ဗဟုသုတတွေရရှိပါတယ်။ ဖက်ဒရယ်ကို တည်ဆောက်မယ်ဆိုရင် ဖက်ဒရယ်နိုင်ငံတွေကို လေ့လာရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်ဖြစ်ဖို့လိုပါတယ်။ နိုင်ငံတစ်ခု တည်ဆောက်တဲ့အခါ ငြိမ်းချမ်းဖို့က အဓိကအရေးကြီးပါတယ်။ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးကို အဓိကထားပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ပါတီရဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားအကျိုးစီးပွားကို အဓိကထားပြီး ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းဖို့ အရေးကြီးပါတယ်။ ငြိမ်းချမ်းမှသာ အရာအားလုံးကို လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူလူထုအားလုံး ငြိမ်းချမ်းပါစေလို့ ဆန္ဒပြုပါတယ်။

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

# အသိမှသည် လေ့ကျင့်မှု၊ အလေ့အကျင့်မှသည် ယှဉ်ပြိုင်ခြင်းဆီသို့

အားကစားမှပေးသော အကျိုးကျေးဇူးများက များပြားလှပါသည်။ သိသာထင်ရှားသော ရုပ်ပိုင်းဆိုင်ရာ အကျိုးတရားများအပြင် မမြင်သာသော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကိုလည်း ရရှိစေပါသည်။ အားကစားနည်းတစ်ခုကို ကိုယ်တိုင်ကျင့် ကိုယ်တိုင်ပြိုင်ပြီး မိမိကိုယ်မိမိ ယုံကြည်မှု ပိုရှိလာခြင်းမှာ အထူး အဆန်းမဟုတ်ပါ။ ဝီရိယထား မဆုတ်မနစ် ကြိုးစားရသည့်အတွက် ဖွဲ့ကောင်းလာမည်။ အားကစားကြောင့် မိမိကျန်းမာရေး၊ မိမိကိုယ်ရည်ကိုယ်သွေးများကို လေးစားတန်ဖိုးထားတတ်လာမည်။ အာဟာရကို မျှတအောင် စားသောက်နေထိုင်ရသည့်အတွက်လည်း ရရှိလာသော ညီညွတ်မျှတသည့် အာဟာရ အလေ့အကျင့်သည် မိမိခန္ဓာဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာ ဖြစ်သည်။

မိုးကေနိုင်

မည်သည့်အားကစားနည်းမဆို ကိုယ်တွင်းမှ ထွက်ရှိလာသည့် endophin ဟော်မုန်းတစ်မျိုးကြောင့် အားကစားသမားများမှာ စိုးရိမ်သောက စိတ်ခံစားကျဝေဒနာများ လျော့ပါးသွားသည့်အတွက် အားကစားကို ကျန်းမာရေးကုထုံးတစ်ခုအသွင် အသုံးချသင့်သည်ဟု နားလည်လာသည်။ မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပြိုင်ပွဲကြီးကို ဝန်ကြီးဌာနအဆင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် နှစ်ဆင့်ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနအဆင့်တွင် ပြေးခုန်ပစ်၊ ဘောလုံး၊ ဖူဆယ် ဂေါက်သီး၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောကစားနည်း ၆ မျိုး၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တွင် ၎င်း ၆ မျိုးအပါအဝင် ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ကာယဗလ၊ ခရစ်ကက်၊ ဂျူဒို၊ ကရာတေး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ အလေးမနှင့် ဝူရှူးကစားနည်းပေါင်း ၂၃ မျိုး ပါဝင်မည်ဖြစ်ပါသည်။ အထက်ပါ အားကစားနည်းအားလုံးသည် ကစားနည်းတစ်မျိုးချင်းအလိုက် ရုပ်ပိုင်း စိတ်ပိုင်းနှစ်ခုလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများစွာကိုပေးသော အားကစားနည်းများဖြစ်ကြသည်။ သို့ဖြစ်၍ ကစားနည်းအလိုက် အကျိုးကျေးဇူးများ မည်သို့ရရှိ၍ မည်သို့အကျိုးဖြစ်ထွန်းကြောင်း အားကစားတစ်ခုချင်း၏ အနှစ်သာရများကို ဤနေရာကနေ ရေးသားဖော်ပြလိုပါသည်။

### လူကြိုက်အများဆုံးသော ဘောလုံးအားကစား

ဘောလုံးအားကစားသည် လူကြိုက်အများဆုံး အားပေးမှုအများဆုံးသော ကစားနည်းတစ်ခုဖြစ်သည်။ ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနား၊ အဆင့်မီမီဖြင့် မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲတိုင်းမှာ မပါမဖြစ် ထည့်သွင်းရသည့် ပြိုင်ပွဲအမျိုးအစားလည်း ဖြစ်သည်။ မိနစ် ၉၀ ခန့်နှင့် ၁၀ ကီလိုမီတာဝန်းကျင်ကို မနားတမ်းလှုပ်ရှား ရွေ့လျားပြီးမှ ရရှိလာသည့် ခံနိုင်ရည်နှင့် သက်လုံသည် ခန္ဓာတွင်းအဆီနှင့် ကယ်လိုရီကို များစွာလောင်ကျွမ်းစေပြီး နှလုံးနှင့်သွေးကြောများကို အားကောင်းစေပါသည်။

အောက်ဆီဂျင်ကို ကြွက်သားများဆီ ကောင်းစွာရောက်ရှိစေသည့်အတွက် ခန္ဓာကိုယ်အတွက် aerobic capacity တစ်မျိုးကို ရရှိစေသည်။ ရလဒ်က သွေးတိုးရောဂါ လျော့ကျသွားခြင်းဖြစ်သည်။ ကန်မယ်၊ လုယူမယ်၊ အလိမ်အခေါက်၊ အခုန်၊ လှည့်ပြောင်း လှုပ်ရှားမှု အစုံအစုံမှာ ခြေထောက်အပြင်



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ခန္ဓာကိုယ်အပေါ်အားကိုပါအသုံးပြုရ၍ ခန္ဓာတစ်ခုလုံးကို ကြံ့ခိုင်သန်စွမ်းသွားစေသည်။ ပြေးလွှား လှုပ်ရှား အားကုန်သုံးရသော ကစားနည်းများတွင် အပေါ်ခန္ဓာအလေးချိန်ကို အောက်ပိုင်းခန္ဓာက ထိန်းထားရသည်ဖြစ်၍ အရိုးအဆစ်များကို ပို၍ အားကောင်းစေပါသည်။

အမြန်နှင့်အရှိန်ကို ဟန်ချက်ညီစွာ သတ်မှတ်နေရာအရောက် မျက်စိနှင့် ဦးနှောက်ကို အသုံးချ၍ တစ်ပြိုင်တည်းချိန်ကိုက်လှုပ်ရှားရသော ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်ရရန်မှာ ရည်မှန်းချက်တူ ကစားသမားအချင်းချင်း မညှိနှိုင်းမပေါင်းစပ်ဘဲ အပြန်အလှန် မထောက်ကူဘဲ မည်သို့သော အောင်မြင်မှုမှ မရနိုင်ပါ။ ဘောလုံးကို ဘယ်သူ့ဆီ ဘယ်အချိန်မှာ ဘယ်လိုပေးရမလဲ၊ မိမိခံစစ်ဇုန်အတွင်း ဘယ်လိုခုခံကာကွယ်မလဲ ဆုံးဖြတ်ချက်ကို မြန်မြန်ချနိုင်မှုက အာရုံစူးစိုက်နိုင်မှုတွင် အဓိကမူတည်သည်။

### ဖူဆယ် ဘော်လီဘော ဘတ်စကက်ဘောနှင့် ပိုက်ကျော်ခြင်း

နောက်အားကစားနည်းတစ်ခုက ယနေ့ခေတ်မှာ ရေပန်းစားလာသော ဖူဆယ်ဂိမ်း ဖြစ်သည်။ ဘောလုံးနှင့် ကွာခြားချက်က indoor game ဖြစ်ပြီး ဘောလုံးနှင့် ထိတွေ့မှုများရသည့်အတွက် အပါးခိုလို့မရ၊ ပိုပြေး၊ ပိုလှုပ်ရှားရသည်၊ အလေးချိန်ပိုသည့် ဘောလုံးကို အသုံးပြုရသည့်အတွက် ပါဝါပိုသုံးရသည်။ အားသာချက်က ကွင်းကြီးကစားရာတွင် လိုအပ်သည့် အရည်အသွေးအားလုံးကို ဖူဆယ်က

> ‘လူ့ခန္ဓာအစုအပေါင်းမှာ စိတ်နှင့်ရုပ်သည် ဒွန်တွဲနေသည်ဖြစ်ရာ ရုပ်ပိုင်းကျန်းမာမှုကို တည်ဆောက်ရာတွင် စိတ်ဓာတ်ရေးရာ အင်အားမပါလျှင် မအောင်မြင်နိုင်သကဲ့သို့ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင်လည်း စိတ်ရောကိုယ်ပါ ကျန်းမာသူများဖြင့် တည်ဆောက်မှသာ အကျိုးဖြစ်ထွန်းသောအင်အားကို ရရှိပါမည်။ ထိုအင်အားမျိုးကို အားကစားကသာ အကောင်းဆုံး ပေးနိုင်သည်ကိုတွေ့ရ’

ပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။ ဖူဆယ်ကစားသူသည် ကွင်းကြီးကစားသည့်အခါ ပို၍ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်လာသည်ကို တွေ့ရသည်။

ထိုနည်းတူ အခြားသော ခွန်အားသုံးပြီးအဖွဲ့လိုက် ယှဉ်ပြိုင်ရသည့် ဘော်လီဘောနှင့် ဘတ်စကက်ဘော ကစားနည်းများ၏ အကျိုးကျေးဇူးများမှာလည်း အနီးစပ်ဆုံး တူညီမှုရှိကြသည်ကို တွေ့ရသည်။ ကြွက်သားအရိုးအဆစ်တို့၏ သိပ်သည်းဆ အားကောင်းလာသည့်အခါ ခွန်အားနှင့် ခံနိုင်ရည်မှာလည်း တိုးတက်လာသည်။ များများလေ့ကျင့်က ခြေထောက်ကြွက်သားများ သန်မာလာပြီး အမြင့်ခုန် အားကောင်းလာသည်ကို တွေ့ရသည်။ အထူးသဖြင့် မိန်းကလေးများတွင် လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်အားမှာ သိသိသာသာ တိုးတက်လာသည်ဟု ဆိုထားပါသည်။

ဘော်လီဘောကဲ့သို့ပင် နောက်ထပ်အဖွဲ့လိုက်၊ အတွဲလိုက်ကစားရသည့် အားကစားနည်းများမှာ ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံးကစားနည်းများဖြစ်သည်။ ခြေခွင်၊ ခြေဖျား၊ ခြေဖနောင့်၊ ဒူး၊ ခေါင်းစသည် ခန္ဓာကိုယ်အပေါ်အောက် အစိတ်အပိုင်းများကို လိုသလိုအသုံးပြုပြီး ခြင်းလုံးကို မြေသို့မကျအောင် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ကစားဖော်အချင်းချင်း တစ်ဦးအားနည်းချက်ကို ကျန်ကစားဖော်များ၏ အားသာချက်ဖြင့် ကာရံပေးခြင်း၊ တစ်ဦး၏ အားသာချက်ကို အကောင်းဆုံးအသုံးချနိုင်အောင် ဝန်းရံပေးခြင်း၊ တစ်ဖက်အားနည်းချက်ကို ရအောင်ရှာဖွေ၍ မိမိအနိုင်ရအောင်ကစားခြင်း၊ မိမိအားသာချက်ကို အသုံးချ၍ ပြိုင်ဘက်ကိုအနိုင်ယူခြင်းစသည့် အကျိုးတရားများကို ဤကစားနည်းများက ပေးစွမ်းနိုင်ပါသည်။

### ဂေါက်သီး၊ ကြက်တောင်၊ တင်းနစ်နှင့် ခရစ်ကက်

တစ်ဦးချင်းယှဉ်ပြိုင်ရသော ဂေါက်သီးရိုက် အားကစား၏ အကျိုးကျေးဇူးများကိုလည်း ဆက်လက်လေ့လာကြည့်ရအောင်ပါ။ လူကြီးလူငယ်မရွေး အပန်းဖြေအားကစား Social sport တစ်မျိုးဖြစ်၍ ထိခိုက်မှုအနည်းဆုံးသော ကစားနည်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၈ ကျင်းရှိ အကွာအဝေးတစ်ခုအတွင်း ခြေလှမ်း ၁၃၀၀၀ ခန့်မျှ လမ်းလျှောက်ရသည်ဖြစ်၍ လေကောင်းလေသန့် ပတ်ဝန်းကျင်မှာ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကိုရရှိပြီး နာတာရှည် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို များစွာလျော့ကျစေပါသည်။

လူမှုဆက်ဆံရေး ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ခြင်းက စိတ်ကျစိတ်ဖိစီးမှုများကို လျှော့ချပေးပြီး ကျေနပ်ပျော်ရွှင်မှုကိုရရှိကာ သက်ရှည်ကျန်းမာစိတ်ချမ်းသာရေးကို များစွာ အထောက်အကူပြုပါသည်။ ပုံမှန်ကစား၍ နေရောင်ခြည်ပုံမှန်ရသည့်အတွက် Vit D ချို့တဲ့ခြင်းမှလည်း ကာကွယ်ပေးသည်။ ထို့ပြင် အသည်းလုပ်ငန်းကိုပါအားပေးပြီး ကြွက်သားနှင့် အရိုးအဆစ်များကို သန်မာစေကာ အာရုံစူးစိုက်မှုကိုလည်း ပို၍ကောင်းလာစေသည်ဟု သုတေသီများက ဆိုထားပါသည်။

နောက်ထပ် ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် ခရစ်ကက်ကစားခြင်း၏ အကျိုးကျေးဇူးများကား ဘာတွေဖြစ်နိုင်ပါသလဲ။ လက်ရော၊ ခြေပါ အဓိကအားပြု အဆက်မပြတ်လှုပ်ရှားရပြီး ချွေးအထွက်များခြင်းကြောင့် ခန္ဓာတွင်း အချို့ အငန်အဆီဓာတ်များလျော့ကျရာမှ ခန္ဓာကိုယ်အလေးချိန် လျော့ကျလာပြီး ဆီးချိုနှင့် သွေးတိုးရောဂါများ ကုသရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။ မိသားစု သူငယ်ချင်းများနှင့်အတူ ပျော်ပျော်ပါးပါး ကစားဖြစ်သော အားကစားနည်းများလည်းဖြစ်သည်။ ၎င်းကစားနည်းများက သင်၏ဦးနှောက်လုပ်ငန်းကိုပါ မြင့်မားစေကာ ဆုံမှတ်တစ်ခုအပေါ်မှာ ဟန်ချက်ညီညီ လှုပ်ရှားကြသည့် လက်နှင့် မျက်လုံး တစ်စုံ၏ ညှိနှိုင်းတာဝန်ယူကြပုံ အနေအထားကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

### ဘိလိယက်၊ ကာယဗလနှင့် အလေးမ

နောက်ထပ်အားကစားနည်းတစ်ခုကား အာရှအဆင့်ကမ္ဘာ့အဆင့်များတွင် ဆုတံဆိပ်များရယူခဲ့ဖူးသော ဘိလိယက်နှင့် စနူကာဖြစ်သည်။ ၎င်းကစားနည်းကို အားပေးရသည်မှာ ရင်သပ်ရှုမောဖြစ်ရပြီး အင်အားပါဝါမသုံးဘဲ ကစားရသော ကစားနည်းမဟုတ်မှန်း သိသာပါသည်။ စိတ်ရော ကိုယ်ပါ မြုပ်နှံပြီးမှ ကိုယ်နေဟန်ထားညွှတ်ကိုင်း တိမ်းယိမ်းမှုဖြင့် ခန္ဓာကိုယ်ကို လိုရာရွေ့လျားစေသည်။ လက်လှုပ်ရှားမှုနှင့်အတူ မျက်လုံးလက်အနေအထားကို တိတိကျကျမှန်မှန်ကန်ကန်ဖြင့် ကျူတံနှင့်ဘောလုံး ထိုးချက် ထိုးကွက် မှန်နေအောင် အခြားကစားနည်းများထက် အကြိမ်ပေါင်းများစွာ ဖွဲ့ရှိရှိဖြင့် ကြိုးစားအားထုတ်ရသော ကစားနည်းဖြစ်သည်။

ပြိုင်ဘက်၏အားနည်းချက်ကိုရှာ၍ သင်ခန်းစာယူသင့်သည်ကိုယူပြီး ဆုံးဖြတ်ချက်မှန်စွာဖြင့် ထိုးရသည့်အတွက် သင်၏ စိစစ်အကဲဖြတ်သုံးသပ်နိုင်စွမ်းကို တိုးတက်စေသည်။ စိတ်အားထက်သန်မှု အပြည့်ဖြင့် စိတ်ရှည်ရန် လိုအပ်သည့်အတွက်လည်း မိမိ၏သည်းခံနိုင်စွမ်းမှာ တိုးတက်လာမည်ဖြစ်သည်။

နောက်အားကစားနည်းများမှာ ကာယဗလနှင့် အလေးမဖြစ်သည်။ ကာယဗလနှင့် ပတ်သက်လျှင် မော်လဒိုက်နိုင်ငံမှာ ကျင်းပခဲ့သည့်(၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ ရွှေတံဆိပ်ရရှိသည့် အစဉ်အလာကောင်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ ကြွက်သားများ သန်မာကြီးထွားမှုနှင့်အတူ ကောင်းမွန်သော ကိုယ်ကာယအချိုးအစားတစ်ခုကို ပိုင်ဆိုင်ခြင်းသည် တည်ကြည်ခိုင်ခံ့သော စိတ်ဓာတ်အင်အားမပါဘဲ မဖြစ်နိုင်ကြောင်း ကာယဗလနှင့် အလေးမ အားကစားများက ပြသနေပါသည်။ ကြွက်သားများ အားကောင်းသန်မာလာမှုကြောင့်ပင် မောပန်းနွမ်းနယ်မှုကို ခံနိုင်ရည်ရှိလာပြီး လှုပ်ရှား

*စာမျက်နှာ ၁၁ သို့*

# ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်အားမာန်ဖြင့် အမျိုးသားအားကစားအဆင့်မြှင့်မားရေး

ရဲလွင်အောင်(စီ/သု)

*(ယမန်နေ့မှအဆက်)*

( င ) အားကစားသမားများ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုအတွက် GYM လေ့ကျင့်ရာတွင် ထိရောက်မှု ရှိ မရှိ Fitness Coach Team ဖွဲ့စည်းခန့်အပ်စစ်ဆေးခြင်း အပါအဝင် အားကစားသမား၏ စိတ်အခြေအနေကို စိတ်ဆရာဝန်နှင့် ပုံမှန်စစ်ဆေးပေးရန်၊

( စ ) အားကစားသမား၏ အိပ်ရာဝင်ချိန်၊ နိုးချိန်နှင့် အင်တာနက်သုံးခြင်း၊ တယ်လီဖုန်း၊ ဂိမ်းစွဲလမ်းစွာ ဆော့ကစားခြင်း၊ ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းတို့ကို အမြဲကြပ်မတ်စစ်ဆေးရန်၊

(ဆ) စခန်းဝင်လေ့ကျင့်နေစဉ်ကာလအတွင်း ခွင့်ပြန်ခြင်း၊ စိတ်အပန်းဖြေခြင်း (Taking Relax) အစီအစဉ်တို့ကို အထူးဂရုစိုက် ဆောင်ရွက်ပေးရန်၊

( ဇ ) အားကစားသမား၏ ဘဝနောင်ရေးအတွက် အလုပ်အကိုင်၊ ငွေကြေး အပါအဝင် ချီးမြှင့်ခံစားရရှိမှုများအတွက် ပံ့ပိုးပေးရန်နှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်အားပေးရန်၊

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့မှလည်း အောက်ပါအချက်များကို ညှိနှိုင်းဆောင်ရွက်သင့်ပါသည် -

(က) အားကစားသမားများအနေဖြင့် ပြိုင်ပွဲများ ပိုမိုဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး ဦးတည်လျက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အပါအဝင် ဝန်ကြီးဌာနပေါင်းစုံနှင့် အလွတ်တန်းပြိုင်ပွဲများ စီစဉ်ပေးရာတွင် အသက်ငယ်ရွယ်သူများ ပိုမိုပါဝင်ယှဉ်ပြိုင်နိုင်ရေး ဂရုပြုရန်နှင့် လူငယ်အားကစားသမားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်၊

( ခ ) နိုင်ငံ့လက်ရွေးစင် ကစားသမားများကို တာဝန်ယူသော နည်းပြများသည် ထိပ်တန်းအဆင့်ဖြစ်ရန် လိုသည့်အပြင် ကိုယ်ကျင့်တရား ကောင်းမွန်သူများကိုသာ အထူးဂရုပြု၍ တာဝန်ပေးအပ်ရန်၊

( ဂ ) ယခင်ကိုဗစ်ရောဂါမဖြစ်ပွားခင် နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် အခမဲ့လာရောက်ပြသခဲ့ဖူးသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့မှ အားကစားကျွမ်းကျင်သူနည်းပြများရရှိရေး ပြန်လည်ဆက်သွယ် ဆောင်ရွက်သင့်သကဲ့သို့ နိုင်ငံခြားငွေများစွာဖြင့် ငှားရမ်းရသော အရည်အသွေးမြင့် နိုင်ငံခြားနည်းပြများကို အစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ငှားရမ်းရ၍ နည်းပြများ၏ ဆောင်ရွက်ချက်များကို ပုံမှန်စောင့်ကြည့် လေ့လာသုံးသပ်နိုင်မှသာ ငှားရမ်းသည့် အကျိုးရလဒ်ရရှိစေရန်၊

(ဃ) မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌအပါအဝင် အမှုဆောင်များသည် နိုင်ငံတကာ အားကစားအဖွဲ့အစည်းများတွင် ပါဝင်ရေးကြိုးပမ်း ဆောင်ရွက်ကြရန်၊ (ယခင်မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးသည် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်တွင် Jury Member အဆင့်နေရာရယူနိုင်ခဲ့၍ ၎င်းလက်ထက် (၁၉၉၃-၂၀၀၇)အတွင်း မြန်မာ့ဝူရှူးအားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်သုံးခုအထိ ဆွတ်ခူးနိုင်ရုံမက ခိုင်ခိုင်မော်သည် ၂၀၁၂ ခုနှစ် (၁၄)ကြိမ်မြောက် ဘူဆန် (ကိုရီးယား) အာရှ အားကစားပြိုင်ပွဲတွင်ပင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့)

(င) ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အားကစားကလပ်များ ပိုမိုတိုးပွားလာစေရန် စည်းရုံးအားပေးခြင်းနှင့် ကလပ်ပေါင်းစုံပြိုင်ပွဲများကို မြန်မာနေရှင်နယ်လိဂ်ဘောလုံး (MNL) ပြိုင်ပွဲကဲ့သို့ ကျင်းပနိုင်ရေး စီစဉ်ပေးရန်၊

(စ) အခြားယှဉ်ပြိုင်ဘက် နိုင်ငံများ၏ အခြေအနေနှင့် နိုင်ငံတကာပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်မှုများကို သုံးသပ်နိုင်ရန်အတွက် စောင့်ကြည့် လေ့လာသည့် Research Team များ ဖွဲ့စည်းထားရှိရန်နှင့် အားကစား သုတေသနစာတမ်းများ ပြုစုခြင်း၊ သုတေသန စာတမ်းဖတ်ပွဲများ ကျင်းပနိုင်ရန် အားကစားသုတေသီပညာရှင်များ ခန့်အပ်ပေးရန်၊

(ဆ) မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်မှလည်း အားကစားနည်း အမျိုးအစားအလိုက် နည်းပြချုပ်၊ နည်းပြ၊ အကူလက်ထောက် နည်းပြ၊ ဂျူရီ၊ ဒိုင် ၊ နိုင်ငံတကာ အားကစားနည်းစနစ် ကျွမ်းကျင်သူ (ITO၊ ATO) စာရင်းများကို ၎င်းတို့၏ အရည်အချင်း မှတ်တမ်းများနှင့် တိကျစွာ စာရင်း Update ပြုစုထားရှိ၍ အရည်အချင်း မြှင့်တင်ပေးရန်၊

( ဇ ) နိုင်ငံတကာ အားကစားနည်းစနစ်၊ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲမှုရှိပါက ပြည်နယ်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနများ အပါအဝင် သက်ဆိုင်သူ Stakeholder များအားလုံး သိရှိစေရေး ဖြန့်ဝေပေးရန်၊

( ဈ ) အားကစား လေ့ကျင့်ရေး၊ ပြိုင်ပွဲဝင်ဝတ်စုံ၊ ဖိနပ်၊ အားကစားကွင်း၊ ရုံများ နိုင်ငံတကာ အဆင့်မီတည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ အားကစားထူးချွန်သူများကို ဆုချီးမြှင့်ရန်၊ နိုင်ငံခြားနည်းပြငှားရမ်းရန်အတွက် နိုင်ငံတော်မှ ဘတ်ဂျက်လုံလောက်စွာ ချထားပေးရန်၊

နိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများ ပေါ်ထွက်ရေးရည်မှန်း ဖွင့်လှစ်ထားသော အားကစားနှင့်ကာယပညာသိပ္ပံများ တိုးတက်ရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်ပါသည်-

(က) သင်တန်းသားများ ရွေးချယ်ရာတွင် အဆင့်ဆင့် ဆန်ခါတင်ရွေးချယ်နိုင်ရန် မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ ပညာရှင်များက စိစစ်ကြပ်မတ်ရန်နှင့် တိုးတက်မှုမရှိသော၊ စည်းကမ်းဖောက်ဖျက်သော ကိုယ်ကျင့်တရား မကောင်းသော သင်တန်းသားများကို ထုတ်ပယ်၍ တာဝန်ယူရွေးချယ်ခဲ့သော အဖွဲ့ကို ထိရောက်စွာ သတိပေး အရေးယူရန်၊

( ခ ) ပြည်နယ်၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနများအနေဖြင့် မိမိဒေသအတွင်းမှ အား/ကာသိပ္ပံသို့ ရွေးချယ်စေလွှတ် တက်ရောက်နေသူများကို ကျောင်းအုပ်ကြီးနှင့် ညှိနှိုင်းလျက် စောင့်ကြည့်အားပေးရန်နှင့် ပြည်နယ်၊ တိုင်း ပြိုင်ပွဲကိုယ်စားပြုယှဉ်ပြိုင်လိုပါက သင်တန်းသား၏ အားကစားအဆင့်အတန်းနှင့် ပြိုင်ပွဲအဆင့်နှင့် ကိုက်ညီမှုရှိပြီး ဦးစီးဌာနရုံးချုပ်၏ ခွင့်ပြုချက်ရမှသာ စေလွှတ်ယှဉ်ပြိုင်စေရန်၊

( ဂ ) အား/ကာသိပ္ပံနည်းပြများ၏ ကိုယ်ကျင့်တရား ကောင်းမွန်စေရေး၊ နိုင်ငံတကာအဆင့်နည်းပြများ ဖြစ်စေရေးနှင့် အင်္ဂလိပ်စာ 4 skills နှင့် IT skills ကောင်းမွန်သူများဖြစ်စေရေး မြှင့်တင်ပေးရန်၊

(ဃ) အား/ကာသိပ္ပံများမှ အားကစားနှင့် ပညာရေး ကောင်းမွန်ထူးချွန်သူများကိုသာ B.Sc(Sports)ဘွဲ့ သင်တန်းတက်ရောက်ရေး၊ နောင်တစ်ချိန် အားကစားတက္ကသိုလ်ပညာရေးကို မာစတာဘွဲ့ အဆင့်ထိသင်ယူလျက် အားကစားတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ပေးရန်၊

( င ) အား/ကာသိပ္ပံ ကျောင်းပြိုင်ပွဲများ ပြန်လည်ကျင်းပရန်၊ အဆိုပါပြိုင်ပွဲမှ ထူးချွန်သူများကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက် အခြေခံပညာကျောင်း အားကစားပြိုင်ပွဲမှ ထူးချွန်အားကစားသမားများနှင့် အရည်အချင်းစစ် ယှဉ်ပြိုင်စေကာ အာဆီယံကျောင်းသားများ အားကစားပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ရန်၊

အာဆီယံနှင့်အာရှမသန်စွမ်း (Paralympic) အားကစားပြိုင်ပွဲများ အပါအဝင် အားကစား ပြိုင်ပွဲအားလုံးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ အပါအဝင် Sports Master Plan ကို စနစ်တကျရေးဆွဲလျက် အဆိုပါ စီမံကိန်းအစီအစဉ်များသည် လက်တွေ့ဆောင်ရွက်မှုများနှင့် အမှန်တကယ်ကိုက်ညီမှု ရှိ မရှိကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ သုတေသနပြုစုခြင်းတို့ကို ဆောင်ရွက်နိုင်မှသာလျှင် ရေရှည်အားကစား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။

အားကစားအဖွဲ့အစည်းက အားကစားကဏ္ဍကို တိကျစွာဆောင်ရွက်နိုင်ရန် အားကစားဥပဒေတစ်ရပ်ပေါ်ထွန်းရန် သက်ဆိုင်သူ Stake-holder အားလုံးတွင် တာဝန်ရှိပေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ(၄-၇)ရက်နေ့အထိ ကျင်းပခဲ့သော ပထမအကြိမ်(လူငယ်)ကျောင်းသား အားကစားပွဲတော်တွင် တရုတ်လူငယ်များက ကမ္ဘာ့လူငယ်စံချိန် ၁၁ ခုကို ချိုးနိုင်ခဲ့သည်မှာ အဘက်ဘက်က ပြည့်စုံသော အားကစားစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်၍ အားကျဂုဏ်ယူဖွယ်ဖြစ်ပါသည်။ မိမိနိုင်ငံအတွက် လက်ရှိ ဖွင့်လှစ်ထားရှိသော အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ တစ်ဆင့် အားကစားတက္ကသိုလ်အဆင့်အထိ တိုးချဲ့ဖွင့်လှစ်ရန်၊ အားကစားဘာသာရပ်များကို ထိရောက်စွာ သင်ကြားနိုင်မည့် ပညာရှင်များမွေးထုတ်နိုင်ရန်အတွက် နိုင်ငံခြားပညာတော်သင်များကို စနစ်တကျ စေလွှတ်ရန်လိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော လူမှုရေးဦးတည်ချက်(၃) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"**ဟူသော ဦးတည်ချက်အတိုင်း လူငယ်ကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မိမိတို့ နိုင်ငံအနာဂတ်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်တို့ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံအရည်အသွေးမြင့်မားသည့် လူငယ်လူရွယ်များ ဖြစ်လာစေရေး အထူးအလေးထား ပြုစုပျိုးထောင်ရမည်ဖြစ်ပေသည်။ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေး စသည့် နယ်ပယ်အသီးသီးတွင် ဦးဆောင်နိုင်ခဲ့သည့် လူငယ်များ မြန်မာ့သမိုင်းတွင်ရှိခဲ့ကြသည်။ အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရ၊ တောင်ငူခေတ်တွင် နတ်ရှင်နောင် ၊ ကုန်းဘောင်ခေတ်တွင် စိန္တကျော်သူဦးဩ ၊ လှိုင်ထိပ်ခေါင်တင်တို့သည် လည်းကောင်း၊ ကိုလိုနီခေတ်တွင် ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့သည့် သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ကဲ့သို့ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခဖြစ်သည့် ဆရာကြီး ဦးဖေမောင်တင်သည်လည်းကောင်း ထိုစဉ်အခါက အသက် ၂၄ နှစ်အရွယ်လူငယ် ပင်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း လူငယ်ဘဝနှင့်ပင် ကိုယ်ကျိုးစွန့်အနစ်နာခံဆောင် ရွက်ခဲ့သူတစ်ဦးပင် ဖြစ်သည်။ ကိုလိုနီခေတ်မှ ယနေ့ မျက်မှောက်ခေတ်ထိတိုင်အောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် အားကြိုးမာန်တက်ဆောင်ရွက်နေသူများတွင် လူငယ်အမြောက်အမြားပါဝင်လျက် ရှိပါသည်။

ဆရာဇော်ဂျီ၏ **"အိုတက်လူတို့"** ကဗျာတွင် **"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာသည် ရှေ့သို့ရည်၍"** ဟု ထည့်သွင်းရေးဖွဲ့ထားရာ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်များသည် အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော မျက်မှောက်ခေတ်တွင် အားကစား၊ ပညာရေးနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို မြှင့်တင်ပေးရာ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် လွန်စွာအရေးကြီးပေသည်။ လူငယ်တို့သည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို လွှဲပြောင်းတာဝန်ယူကြမည့်သူများဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကြီးကိုထုဆစ်ပုံဖော်ဆန်းသစ်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပေသည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရေး ဦးတည်လျက် လူငယ်ကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်သင့်သည့်အချက်များကို အောက်ဖော်ပြပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) ခေါင်းဆောင်မှု အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊

( ခ ) လူငယ်များ၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများ ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန် ၊

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်က (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပြီး အခြားသော ဆပ်ကော်မတီများနှင့်လည်း အချိန်မီ ကြိုတင်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ဆပ်ကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အချိန်မီတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်၍ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများအနေဖြင့် လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေး၏ တန်ဖိုးကို သိရှိနိုင်အောင် ခမ်းခမ်းနားနားနှင့် စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အားနည်းချက်များနှင့် လစ်ဟာမှုများ မဖြစ်ပေါ်စေရေး၊ လုံခြုံရေးနှင့် ကျန်းမာရေး စသည်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရန်နှင့် လုပ်ငန်းများကို စနစ်တကျဖြင့် စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဆပ်ကော်မတီမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍများအလိုက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

သွားလာရာတွင်လည်း အထောက်အကူဖြစ်၍ အားရှိသလို ခံစားရသည်။ အရိုးအဆစ်နှင့် အာရုံကြောများပါသန်မာလာပြီး ကျန်းမာသော ဇီဝဖြစ်စဉ်နှင့်အတူ သွေးတွင်းအချိုဓာတ်လည်း ပုံမှန်ဖြစ်လာကာ အရိုးပွရောဂါအပါအဝင် နောက်ဆက်တွဲ ရောဂါဘယများ ဖြစ်ပွားမှုမှလည်း ကင်းဝေးလာသည်ဟုဆိုပါသည်။

### လက်နက်မဲ့ခုခံတိုက်ခိုက်အားကစားနည်းများ

ဆက်လက်၍ လက်နက်မဲ့တိုက်ခိုက်ကစားနည်းများဖြစ်သည့် ကရာတေး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဂျူဒို၊ ဝူရှူး၊ လက်ဝှေ့နှင့် ဗိုဗီနမ်ကိုယ်ခံပညာရပ်များ၏ အကျိုးကျေးဇူးများကို ဆက်လက်ဖော်ပြပါမည်။ စည်းစနစ်အပြည့်အဝဖြင့် အပြန်အလှန် ရိုသေလေးစားမှု၊ မိမိကိုယ်မိမိယုံကြည်မှု၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုနှင့် မိမိလုံခြုံမှုကို မိမိကိုယ်တိုင်ရယူနိုင်သည့် စွမ်းရည်သတ္တိများကို ကိုယ်ခံပညာရပ်များက အဓိကပေးဆောင်ပါသည်။ ကိုယ်ခံပညာရပ်တစ်ခုသည် တစ်ကိုယ်လုံးလှုပ်ရှားတိုက်ခိုက်ရသော ကစားနည်းဖြစ်သည့်အတွက် သက်လုံကို ကောင်းစေသည်။ ကိုယ်ခံပညာကစားတတ်သူအပေါ် တစ်သက်တာအကျိုးသက်ရောက်မှုမှာ ထိုသူ၏"အား" "အရှိန်" နှင့် "ခံနိုင်ရည်"အားများပင်ဖြစ်သည်။

ဝူရှူးဆိုလျှင် ကလေးဘဝကတည်းက ကစားသင့်သည်။ မြန်မာ့သိုင်းအပါအဝင် ကိုယ်ခံပညာအများစုမှာ ရိုးရာအမွေကို ထိန်းသိမ်းခြင်းလည်းမည်ပါသည်။ ဗီယက်နမ်ရိုးရာ ကိုယ်ခံကစားနည်းဖြစ်သော ဗိုဗီနမ်ကိုမူ အခြားသောစိတ်ပိုင်းဆိုင်ရာ အကျိုးတရားများအဖြစ် ကြောင်းကျိုးဆက်စပ်ဆင်ခြင်နိုင်စွမ်း အနိုင်မခံအရှုံးမပေးစိတ်ဓာတ်နှင့် မိမိကိုယ်မိမိတန်ဖိုးထားပြီး မိသားစုကိုဂရုစိုက်ရမည်၊ နိုင်ငံကိုအလုပ်အကျွေးပြုမည် ဟူသော စိတ်ဓာတ်ကောင်းများ ကိန်းအောင်းစေသည့် ခမ်းနားကြီးကျယ်သော ကစားနည်းတစ်ခုအဖြစ် သူတို့နိုင်ငံသားတွေက ဂုဏ်ယူကြသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့နိုင်ငံ၏ အမျိုးသားအားကစားပြိုင်ပွဲများမှာ ၎င်းကစားနည်းကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။

ခန္ဓာတစ်ခုလုံး၏အားကိုယူ၍ အနားမပေး ဆက်တိုက်လှုပ်ရှားရသည့် နောက်ထပ် ပြိုင်ပွဲဝင်ကစားနည်းတစ်ခုမှာ အဆုတ်လုပ်ငန်းနှင့် နှလုံးကြွက်သားညှစ်အားကို အထူးကောင်းစေသည့် ရေကူးခြင်းဖြစ်သည်။ ချွေးအလွန်အမင်းထွက်၍ ကယ်လိုရီများစွာကို လောင်ကျွမ်းသွားစေသော်လည်း နုံးချည့်သွားခြင်းမျိုးမရှိဘဲ သက်လုံကောင်းကာ ခန္ဓာကိုယ်ကြွက်သားများကို အထူးသန်မာစေသည့်အတွက် ကျန်းမာရေးကိုလည်း အထောက်အကူပြုသည့် ကစားနည်းတစ်ခုဖြစ်သည်ဟု ဆိုရပါမည်။

ယခုလို မှျဝေခြင်းဖြင့် အားကစားနည်းတစ်ခုချင်းအလိုက် အကျိုးကျေးဇူးများစွာကို သိရှိခွင့်ရခဲ့ပါပြီ။ လူ့ခန္ဓာအစုအပေါင်းမှာ စိတ်နှင့်ရုပ်သည် ဒွန်တွဲနေသည်ဖြစ်ရာ ရုပ်ပိုင်းကျန်းမာမှုကို တည်ဆောက်ရာတွင် စိတ်ဓာတ်ရေးရာအင်အားမပါလျှင် မအောင်မြင်နိုင်သကဲ့သို့ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင်လည်း စိတ်ရောကိုယ်ပါ ကျန်းမာသူများဖြင့် တည်ဆောက်မှသာ အကျိုးဖြစ်ထွန်းသောအင်အားကို ရရှိပါမည်။ ထိုအင်အားမျိုးကို အားကစားကသာ အကောင်းဆုံးပေးနိုင်သည်ကို တွေ့ရသည့်အတွက်လည်း အထက်ပါ အားကစားနည်းများပါဝင်သော အမျိုးသားအဆင့်အားကစားပြိုင်ပွဲကြီးကို တန်ဖိုးထား အလေးအနက်ထားပြုလုပ်နေခြင်းဖြစ်သည်ဟု ယူဆပါသည်။ မြို့ရွာအနှံ့ ၎င်ပ်လျှိုးနေသော နိုင်ငံအဆင့်လက်ရွေးစင် အားကစားသမားများစွာ ပေါ်ထွက်လာရေးအပြင် အားကစားကို ကျန်းမာရေးအသိနှင့်ယှဉ်ပြီး ကျောင်းသားအရွယ်ကစ၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် လေ့ကျင့်လှုပ်ရှားယှဉ်ပြိုင်လာကြရန်လည်း ရည်ရွယ်ပါသည်။

အထက်ပါ အားကစားနည်းတစ်ခုချင်းအလိုက် အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး ယခုလို နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် လေ့ကျင့်ခြင်း ပါဝင်ယှဉ်ပြိုင်ရခြင်းသည် မိမိနှင့် လူ့အဖွဲ့အစည်းအတွက် ကောင်းမွန်သော သက်ရောက်မှုများစွာကို ရရှိစေသည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ မှန်ကန်သောအသိကို အကျင့်နှင့် ပေါင်းစပ်နိုင်မှုလည်း အဓိပ္ပာယ်ပြည့်ဝသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဟူသည့် သက်ရောက်မှုကို ရရှိလာမည်ဖြစ်သည်။

ထို့ကြောင့်လည်း အမျိုးသားရေးသဖွယ် အလေးအနက်ထား၍ စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်သည်ဟု နားလည်လက်ခံထားပါသည်။ နားလည်မှု သည်းခံမှု အပြည့်ပါသော အသင်းအဖွဲ့စိတ်ဓာတ် အခြေခံအားကစားစိတ်ဓာတ်ကတစ်ဆင့် လိုအပ်နေသော နိုင်ငံသားအားလုံး တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုကို ကောင်းစွာ အထောက်အကူပြုမည်ဟုလည်း ယုံကြည်ချက်ထားပါသည်။

ထိုထို စိတ်ဓာတ်ကောင်းများ၊ အမြင်များ၊ ခံယူချက်ကောင်းများကတစ်ဆင့်သာ နိုင်ငံဂုဏ်၊ လူမျိုးဂုဏ်ကို မြှင့်တင်နိုင်မည်ဖြစ်သည်ဟု ခံယူရမှာဖြစ်သည့်အတွက် ယခုလို ဂုဏ်ဒြပ်ကောင်းတို့နှင့် ပြည့်စုံနေသော တစ်မျိုးသားလုံးအခြေခံသော အားကစားပွဲကြီးဖြစ်မြောက်အောင် ပြုလုပ်စီစဉ်ပေးသူ ပါဝင်ယှဉ်ပြိုင်သူ အားပေးသူအားလုံးအတွက် ဝမ်းသာပီတိဖြစ်ဖွယ် ပွဲတော်ကြီးအဖြစ် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၁၀ မှ*

( ဂ ) လူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေး၊ အဂတိတရားလေးပါး ကင်းစင်စေရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သိရှိနားလည်သော နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်ထွန်းလာစေရန် ကဏ္ဍပေါင်းစုံမှ ပြုစုပျိုးထောင်ပေးရန်၊

(ဃ) ဇလငါးတန်နှင့် ပြည့်စုံသော ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်သော လူငယ်များကို ပျိုးထောင်နိုင်အောင် ကျောင်းသားလူငယ်အရွယ်မှ စတင်ကာ ကိုယ်ကာယလှုပ်ရှားမှုအခြေခံအားကစားနည်းတစ်မျိုးမျိုးကို သင်ယူခြင်းနှင့်အတူ ယှဉ်တွဲလေ့လာလိုက်စားစေခြင်းအားဖြင့် အားကစားနှင့် ပညာရေးပေါင်းစပ်သင်ကြားမှုကို အခြေခံပညာကျောင်းများမှ စတင် မျိုးစေ့ချပေးရန်၊

(င) ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူငယ်ရေးရာမူဝါဒပါ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆)ရပ်အနက် အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍကို ဆောင်ရွက်နိုင်ရေး၊ နေပြည်တော်ကောင်စီအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့၏နှစ်အလိုက် အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘတ်ဂျက်ထည့်သွင်းရေးဆွဲကာ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) လူငယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုတည်း၏ ကြိုးစားမှုဖြင့် အောင်မြင်နိုင်မည့် လုပ်ငန်းမျိုး မဟုတ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီများနှင့် တာဝန်ရှိသူ အားလုံးတို့က အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊

(ဆ) လက်ရှိတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဦးစီးဦးဆောင်ပြုကာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စာပေအနုပညာ ပြပွဲပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးနေခြင်းနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

( ဇ ) ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးအတွက် မတူကွဲပြားမှုများအပေါ် နားလည် သဘောပေါက်လျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်တတ်စေရန်၊

( ဈ ) နိုင်ငံ့ကောင်းကျိုးရည်မျှော်၍ စွန့်ဦးတီထွင်သည့် စိတ်ဓာတ်များပေါ်ပေါက်လာစေရေးအတွက် ကျောင်းနေအရွယ်ကတည်းက Creative thinking , Critical thinking နှင့် Innovative sense များ အားကောင်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးရန်၊

(ည) ဇလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နေမှုများ အမှန်တကယ်အကျိုး ရှိ မရှိကို သက်ဆိုင်ရာ အလွှာပေါင်းစုံမှ ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံ ရှိသော ပညာရှင်များ ပါဝင်လျက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ သုတေသီများမှ စစ်တမ်းကောက်ယူခြင်း၊ သုတေသနစာတမ်းများ ပြုစုဆောင်ရွက်ရန်၊

နိဂုံးချုပ်အားဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် အားကစားကဏ္ဍတွင် ထပ်မံတိုးမြှင့်၊ ပြုပြင် ဆောင်ရွက်သင့်သည်များကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်သော ကျန်းမာကြံ့ခိုင်သည့် ဇလငါးတန်နှင့် ပြည့်စုံသော လူငယ်ထုအင်အားဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုလျှင် နိုင်ငံတော်၏ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဟု ယုံကြည်မိပါသည်။ ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲ ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

**ကြက်တောင်ပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ ကျင်းပရာ **အမျိုးသား ကြက်တောင်ပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၃ပွဲ -၁ပွဲ၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ-၂ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ပွဲ-၁ ပွဲ၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ-၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ - ၁ ပွဲ၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ- ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း တို့ ယှဉ်ပြိုင်ကစားစဉ်။

**ခရစ်ကတ်ပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရှစ်ယောက်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄၈ မှတ်အသာဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၆ မှတ်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၀ မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၁၀၉ မှတ်အသာဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၆၄ မှတ်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို ရှစ်ယောက်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို လေးယောက်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး

**ဘတ်စကက်ဘော ပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၃)နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၅၇-၄၀) မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရမှတ် (၉၆-၅၄) မှတ်၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၆-၅၂) မှတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၉၂-၄၃)မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ရမှတ် (၇၅-၆၅) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဘော်လီဘောပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ**တွင် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲ- ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ- ၁ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ပွဲ - ၁ပွဲ၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဖူဆယ်ပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ဂိုး - ၁ဂိုး၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို ၁ ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၅ဂိုး-၁ဂိုး၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၁ဂိုး-ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိ သရေ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က ***စာမျက်နှာ ၁၃ သို့***



ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်း နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အားကစားသမားများကို အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ နိုင်ငံ၏ ဂုဏ်ထူးဆောင်အားကစားသမား လက်ရွေးစင်များ ပေါ်ထွန်းစေရေးနှင့် နိုင်ငံအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်ပြီး အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ရန်နှင့် အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ အားကစားကဏ္ဍ မြှင့်တင်ရာရောက်ကြောင်း မှာကြားပြီး အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များကို အောင်နိုင်ရေးအလံ(**ယာပုံ**)နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းမှ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက် စသည့် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

တစ်ဖက် ၁ ဂိုးစီ၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို ၂ဂိုး-ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး-၁ ဂိုး၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပိုက်ကျော်ခြင်းပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ **အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ပွဲ-၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ပွဲ-၁ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို ၂ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ပွဲ-၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ပွဲ-၁ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွားတားဖိုင်နယ်ပွဲစဉ်တွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ-၁ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲများကျင်းပ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး - ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို** ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်းတို့က ဂိုးမရှိသရေ၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက် ၂ ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲများ ကျင်းပ**

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို** ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုးပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့က တစ်ဖက် ၂ ဂိုးစီဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ဂိုး-၁ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အမျိုးသား/သမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌လည်းကောင်း ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။**သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ် ပွဲစဉ်များ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း

၅-၁၂-၂၀၂၄



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း



မသန်စွမ်းရေကူးအမျိုးသမီး S 6.10 မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသား မီတာ (၂၀၀) အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသမီး မီတာ (၂၀၀) အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းရေကူးအမျိုးသား S 90 .10 မီတာ (၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ ကြိုးစားယှဉ်ပြိုင်ဟန်။



မသန်စွမ်းအမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသား မီတာ(၁၅၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မသန်စွမ်းအမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အမျိုးသမီးမျက်မမြင် စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အမျိုးသားမျက်မမြင် စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး ပုဂံမြို့သစ်ရှိ ဦးဘညိမ်း ယွန်းထည်ဆိုင်နှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုသိမ်မြို့သို့ ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ငွေဆောင်အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာများ၏ ဆင်အလှပြကွက်များကို ကြည့်ရှုအားပေးကြပြီး ငွေဆောင်ကမ်းခြေကို လှည့်လည်ကြည့်ရှု၍ အပန်းဖြေကြသည်။

ညပိုင်းတွင် ESKALA ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုပြုတင်သွင်းထားသည့် “မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်” စာတွဲအား ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) တွင် ပါဝင်နိုင်ရေး တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် “မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်” သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုကဲ့သို့ ပါဝင်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ပြောကြားချက်များ (Communities’ Statement)၊ အတာသင်္ကြန်ဆင်နွှဲမှု ရိုးရာဓလေ့ဆိုင်ရာ ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များပါဝင်သော အဆိုပြုစာတွဲ (Nomination File) ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ပေးပို့တင်သွင်းခဲ့ပါသည်။ တင်သွင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုစည်းဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊



တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ လူမှုအဖွဲ့အစည်း (NGO)များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာသုံးစွဲသူများ၊ မြန်မာ့ရိုးရာအမွေအနှစ်ကို အမြတ်တနိုးတန်ဖိုးထားသည့် ပြည်သူများနှင့်သက်ဆိုင်ရာ ပညာရှင်/ အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူလူထုများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

“မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်” အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ပုဂံခေတ်ကာလမှ ယနေ့အထိ ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ “မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်”ကို ကမ္ဘာက ပိုမိုသိရှိလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှ (၇)ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ၊ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် “Inter-governmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (ရန်ကုန်)၊ မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ (ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူ စေတနာသွေးလှူရှင်အသင်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများ အားလုံးတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြောပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့် ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ အဆိုပြု စာတွဲတင်သွင်းရေးအတွက် သတင်းနှင့် နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း၊ ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများ အားလုံးတို့ကို လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အားဖျင်(ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ချိန်လုပါ အမျိုးသား ၁၈ ဦး၏ မှတ်တမ်းဓာတ်ပုံ။

❊ *ကျောဖုံးမှ*

မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါ နေအိမ်အားသက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်အတွင်း၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လု (၃၀) နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်နေ အားဖျင် (ခ) စောက်ရီချုံ (၃၅) နှစ်ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး တို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link တစ်စုံ၊ ဖုန်းမျိုးစုံ အလုံး ၁၃၀ နှင့် CZ 75 D 9MM အမျိုးအစားပစ္စတို သေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစားပစ္စတို သေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type–81 အမျိုးအစားသေနတ်နှစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်အတောင့် ၄၀၊ ၄၀ မမပြောင်းတစ်ခု၊ စကားပြောစက် ခြောက်လုံး၊ ဆိုင်ကယ်နှစ်စီး၊ မီးစက်တစ်လုံး၊ WiFi စက်သုံးလုံး၊ DONG FENG ခြောက်ဘီးယာဉ်တစ်စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ချိန်လုပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖျင် (ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃(က) ဖြင့် လည်းကောင်း၊ လဝကအက်ဥပဒေပုဒ်မ ၁၃ (၁) ဖြင့် လည်းကောင်း အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်သူများအား ဖမ်းဆီးရမိမှုမှ CZ 75 D 9MM အမျိုးအစားပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစားပစ္စတို သေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type–81 အမျိုးအစားသေနတ်နှစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်အတောင့် ၄၀၊ ၄၀ မမပြောင်းတစ်ခု သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

## နွားထိုးကြီးမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းခဲ့ရာ အကြမ်းဖက်သမားများသည် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် လက်နက်အားကိုးဖြင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများအား ရက်ရက်စက်စက်သတ်ဖြတ်၊ နှိပ်စက်ခြင်းများနှင့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများက သိရှိလာပြီဖြစ်သဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အစွန်းရောက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူများစိုးရိမ်ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု အကြား သွေးကွဲစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်သတင်းများဖြင့် လုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




● *ကျောဖုံးမှ*

ပွဲအစပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ခြေစွမ်းသိသိသာသာ ကွာဟမှုမရှိသော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ အာဆင်နယ်အသင်းက ဂိုးကန်သွင်းချက်သာလွန်မှုနှင့်အတူ မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ အာဆင်နယ် အသင်းအတွက် သွင်းဂိုးများကို တင်းဘားနှင့် ဆာလီဘာတို့က ပွဲချိန် ၅၄ မိနစ်နှင့် ၇၃ မိနစ်တို့တွင် သွင်းယူခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ်နိုင်ပွဲ ရှစ်ပွဲရှိလာပြီး ရမှတ် ၂၈ မှတ်ဖြင့် ဦးဆောင်သူ လီဗာပူးအသင်းကိုဖိအားပေးလျက်ရှိသည်။ မန်ယူအသင်းက ယခုရှုံးပွဲကြောင့် ရှုံးပွဲငါးပွဲရှိလာပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် ရုန်းကန်ရတော့မည်ဖြစ်သည်။

ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် အခြားပွဲစဉ်ရလဒ်များတွင် အဲဗာတန်က ဝုဖ်ကို လေးဂိုး–ဂိုးမရှိ၊ မန်စီးတီးက နော့တင်ဟမ်ဖောရက်စ်ကို သုံးဂိုး–ဂိုးမရှိ၊ ချယ်ဆီးက ဆောက်သမ်တန်ကို ငါးဂိုး–တစ်ဂိုး၊ အက်စ်တွန်ဗီလာက ဘရန့်ဖို့ဒ်ကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး နယူးကာဆယ်နှင့် အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးအသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းရရှိမှု ၅၆ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၇၇ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈ ဒသမ ၅၀၁ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ရေယာဉ်နှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၁၆၇၈ ဒသမ ၅၀၁ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၃၃၅ ဒသမ ၇၀၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း – ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် – ၀၆၇–၄၀၉၈၈၃ နှင့် အီးမေးလ် antiille–galtradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လွိုင်ကော်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းအား သွားရောက်စစ်ဆေး

**လွိုင်ကော် ဒီဇင်ဘာ ၅**
ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦး သည် ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်၊ လွိုင်ကော်ခရိုင်တရားသူကြီး ဦးဥက္ကာမောင်၊ လွိုင်ကော်မြို့နယ် တရားသူကြီး ဦးမျိုးသူရတို့နှင့်အတူ ဒီဇင်ဘာ ၅ ရက် က လွိုင်ကော်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းအား သွားရောက်၍ အချုပ်တရားခံများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး၊ နေရာထိုင်ခင်း သက်သာချောင်ချိမှုနှင့် ကျန်းမာရေးပြည့်စုံမှု ရှိ /မရှိ၊ ဆေးကုသရန် အခွင့်အရေး ရှိ/မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုဇင်(ပြန်/ဆက်)**



## ဒေါပုံမြို့နယ်၌ ခရိုင်လေးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဗိုလ်တထောင်ခရိုင်၊ သန်လျင်ခရိုင်၊ ကျောက်တံတားခရိုင်၊ အလုံခရိုင် အမျိုးသမီးရေးရာ အဖွဲ့တို့က ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်စမ်းစမ်းထွေးက "အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး"၊ ဗိုလ်တထောင်ခရိုင် ဥပဒေအရာရှိ ဦးဆွေဦးက "သက်ငယ်မုဒိမ်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု"၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စု ရဲအုပ်သန်းထွန်းနိုင်က "လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေး"၊ ရန်ကုန်(အရှေ့ပိုင်း) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲမှူး လှသိန်းစိုးက "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ အန္တရာယ်"၊ ဗိုလ်တထောင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သီတာဦးက "မျိုးဆက်ပွားနှင့် ပျိုရွယ်သူကျန်းမာရေး" ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ကြသည်။ **ခင်ဝင်း**

## ဒလမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲနှင့် တာဝန်ပေးအပ်ပွဲကျင်းပ

**ဒလ ဒီဇင်ဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ(နေကြာ)နှင့် ဆောင်းသီးနှံ(သီးထပ်) အပြည့်အဝ စိုက်ပျိုး သွားနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ခနေတ်ဘုန်းတော်ကြီး ဓမ္မာရုံ၌ လည်းကောင်း၊ ရခိုင်ချောင်(မြောက်)ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့တွင် လည်းကောင်း ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီးဌာန ဦးစီးဌာနမှူး ဦးစိုးအောင်သန်းက လယ်ယာမြေ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ မြေအမျိုးအစား ရွေးချယ်ခြင်း၊ စိုက်ချိန်မှန်ကန်စေခြင်း၊ သဘာဝမြေဩဇာ အသုံးပြုခြင်းနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူး၊ သဘာဝမြေဩဇာ အဆင့်ဆင့်ပြုလုပ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျော့ချရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေစိုက်ပျိုးနည်း၊ ပြောင်းလဲလာသော ရာသီဥတုအလိုက် စိုက်ပျိုးရန်၊ အယ်လ်နီညိုအဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုများ အစရှိသည်တို့ကို ပညာပေးဆွေးနွေးပြောကြား၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်မိုးက ဆောင်းသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနည်းလမ်းနှင့် ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **အေးမြမိုး (ပြန်/ဆက်)**



## မက်မန်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများအတွက် အားကစားဝတ်စုံများပေးအပ်ပွဲကျင်းပ

**မက်မန်း ဒီဇင်ဘာ ၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများအတွက် အားကစားဝတ်စုံပေးအပ်ခြင်း




အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးစိုင်းယီက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် အားကစားဝတ်စုံပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မက်မန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းက ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးစိုင်းယီက ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများသို့ အားကစားဝတ်စုံများ ပေးအပ်သည်။ (ဓါတ်ပုံ) အဆိုပါ အားကစားဝတ်စုံများကို ဗိုလ်မှူးစိုင်းယီက လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သိန်းသန်း(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ)၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**သထုံ ဒီဇင်ဘာ ၅**
မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ)တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က မြေနီကုန်းကျေးရွာရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်ရေးရာအသိပညာပေးခြင်း ပြုလုပ်ပေးရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများ ဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောကြရာ ကျောင်းသား ကျောင်းသူများက သိလိုသည်တို့ကို မေးမြန်းကြပြီး ဟောပြောသူတို့က ပြန်လည်ရှင်းလင်းပေးသည်။ **ခရိုင်(ပြန်/ဆက်)**

## ရပ်စောက်မြို့၌ ဆုံဆို့၊ မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ

**ရပ်စောက် ဒီဇင်ဘာ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ဗထူး)နဝရတ်ခန်းမဆောင်၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းပပနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာပိုင်စိုးမိုးတို့က ကျောင်းသား ကျောင်းသူများအား ဆုံဆို့၊ မေးခိုင်ရောဂါနှင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်စေနိုင်သည့် အကြောင်းများ၊ ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ အကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသော အသက် ငါးနှစ်မှ ခုနစ်နှစ်မကျော်သော ကျောင်းသား ကျောင်းသူ ၃၅ ဦးကို ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးကိုလည်းကောင်း၊ အသက်ကိုးနှစ်မှ အသက် ၁၀ နှစ်အတွင်း ကျောင်းသူ ၃၂ ဦးကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကိုလည်းကောင်း ထိုးနှံပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေး သရုပ်ပြ

**ရန်ကုန် ဒီဇင်ဘာ ၅**
မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပတ္တမြားဈေး၌ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရွှေပြည်သာမြို့နယ် မီးသတ်စခန်းမှ စခန်းမှူး ဦးပြည့်ဖြိုးကို ဦးစီးသောအဖွဲ့က မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်ပုံတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ **မြို့နယ်( ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



## ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ်တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခွန်ကောက်ခံရရှိမှုသည် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပံ့ပိုးနိုင်သည့် ကဏ္ဍတစ်ရပ်ဖြစ်၍ ရသင့်ရထိုက်သည့် အခွန်များ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ညီညွတ်မျှတသောအခွန်အခများရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အခွန်အရပ်ရပ်ကောက်ခံရန် အခွန်အမျိုးအစားငါးမျိုး အပေါ် မူလလျာထားချက်အပေါ် (၈၁) ရာခိုင်နှုန်း ကောက်ခံရရှိထားပြီးဖြစ်၍ ကျန်ရှိသည့်လများတွင် လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးစားကောက်ခံသွားကြစေလိုကြောင်း၊ ပြည်သူများတွင်လည်း အခွန်ဆောင်သည့်ယဉ်ကျေးမှုတစ်ရပ် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး၊ အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နှစ်အလိုက် လျာထားအခွန်ဘဏ္ဍာများ တိုးတက်ကောက်ခံရရှိခဲ့မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှ အခွန်တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများ ပေးအပ်



**လယ်ဝေး ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂) ၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

အဆိုပါ မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် ပြေးခုန်ပစ်အားကစားနည်းများ၊ ထိုင်လျက်ဘော်လီဘောနှင့် စစ်တုရင် အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လာရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မသန်စွမ်းအားကစားပြိုင်ပွဲထိုင်လျက် ဘော်လီဘောနှင့် ရေကူးပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(ဝဲပုံ)** ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ စားသောက်ရာတွင် သန့်ရှင်းမှုရှိစေရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော်တိုင်းကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာနှင့် တာဝန်ရှိသူများက စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မသန်စွမ်းစစ်တုရင်ပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးကာ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**

## ကော့သောင်းမြို့၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေး

**ကော့သောင်း ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေး (Talk Show) ကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။ **(ယာပုံ)**



အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က မီးခိုးမြူငွေ့အန္တရာယ်၊ လေထုညစ်ညမ်းမှု စသည့်တို့နှင့်ပတ်သက်သည့် သိလိုသောအကြောင်းအရာများကို မေးမြန်းခဲ့ရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက နယ်စပ်မှဖြတ်ကျော်လာသော လေထုညစ်ညမ်းစေသော အကြောင်းအရာများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ထဲ၌ပါဝင်သော ဓာတ်ငွေ့များအကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများအကြောင်း၊ မီးခိုးမြူငွေ့များ၏ ဆိုးကျိုးများအကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ကျအောင် မည်သို့လုပ်ဆောင်ရမည် စသည့်အကြောင်းအရာများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မကွေးမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွင်းဆင်းဆောင်ရွက်




**မကွေး ဒီဇင်ဘာ ၅**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မကွေးမြို့၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုအတွင်း အိပ်ချ်အိုင်ဗွီပိုးနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်၍ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအား အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အသိပညာပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ မေးခွန်းများဖြေဆို၍ အမှတ်တရလက်ဆောင် ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဝေးပြေးကားဝင်းရှိ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကိုလည်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် အသိပညာပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ရွှေတောင်မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို "စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ" ကို ယမန်နေ့နံနက်ပိုင်းက ရွှေတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

စာစီစာကုံးပြိုင်ပွဲတွင် "ပညာဘဏ်တိုက်စာကြည့်တိုက်" ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ခေါင်းစဉ်ငါးခုကိုမဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် အခြေခံပညာမူလတန်းအဆင့် ပုံပြောပြိုင်ပွဲတွင် ကြိုက်နှစ်သက်ရာပုံပြင်များဖြင့် ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ယင်းပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ဒိုင်အဖွဲ့များဖြင့် အကဲဖြတ်အမှတ်ပေး စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



## ပခုက္ကူတက္ကသိုလ်
## (၁၁)ကြိမ်မြောက်(နေ့သင်တန်း)နှင့်(အဝေးသင် သင်တန်း)များ၏ ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပခုက္ကူတက္ကသိုလ်မှ (နေ့သင်တန်း)နှင့် (အဝေးသင် သင်တန်း)များ၏ (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (နေ့သင်တန်း) ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် ၂၀၂၄ ပညာသင်နှစ်(အဝေးသင် သင်တန်း)များ၏ ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့) ဘွဲ့လျှောက်လွှာများကို လျှောက်ထားနိုင်ပါသည်။

၂။ တက်ရောက်ဘွဲ့ကြေး ကျပ်-၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ပေးသွင်းရမည်ဖြစ်သည်။ လျှောက်လွှာတင်သွင်းရမည့်ရက်မှာ (၉-၁၂-၂၀၂၄)ရက်မှ (၃၁-၁၂-၂၀၂၄) ရက်အထိ ဖြစ်ပါသည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံများကို ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည်။

၄။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာ ဝတ်ဆင်ပြီး လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော (၂" x ၁.၅")ဓာတ်ပုံ(၂)ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။

၅။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။

၆။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်တို့ကို တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာ ဝတ်စုံအပြည့်အစုံ ဝတ်ဆင်ပြီး တက်ရောက်ရမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁) စောင် တင်သွင်းရမည်ဖြစ်ပြီး **နိုင်ငံသားစိစစ်ရေးကတ်ပြားကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည် ဖြစ်ပါသည်။**

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့ ထုတ်ပေးသည့် အချိန်မှသာလျှင် ဘွဲ့လက်မှတ်များထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ အတွက် လျှောက်ထားနိုင်ပါသည်။

၁၁။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်နှင့် နေ့ရက်၊ အချိန်တို့ကို ထပ်မံကြေညာ မည်ဖြစ်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**ပခုက္ကူတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပခုက္ကူတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၁၂၈၃)၊ မြေကွက်အကျယ်အဝန်းဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိသော ဒေါ်ဝင်းမာ အမည်ဖြင့် ပခုက္ကူခရိုင်မြို့မြေအမှုတွဲအမှတ်-၃၂၉/၅/၂၀၂၀-၂၀၂၁၊ ပခုက္ကူမြို့နယ်၊ မြို့မြေအမှုတွဲအမှတ် -၂၁၃/၅/၂၀၂၀-၂၀၂၁ တို့ဖြင့် (၃၁-၁-၂၀၂၂)ရက် မှ(၃၀-၁-၂၀၃၂)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိထားသော ခြံမြေကွက်နှင့်တကွ ၎င်းခြံမြေကွက်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ကျော့မိုးအေး (၈/ပခက(နိုင်)၁၅၉၈၆၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးဇင်ဘိုမင်း (၉/မကန(နိုင်)၀၉၁၂၂၄)က အပြီးအပြတ် ဝယ်ယူရန် အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မွန် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၁၆)**
**ဦးဗညားဘုန်းနိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၃၂)**
**ဒေါ်ဝတ်မှုံခိုင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၅၄၂)**
**အမှတ်(၂၂၁)၊ ဗန္ဓုလလမ်း၊ ရှင်စောပုရပ်ကွက်၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၄၂၈၁၅၇၄၃၈၊ ၀၉-၄၂၈၁၂၀၆၀၉၊ ၀၉-၄၂၈၁၆၂၂၄၂**

## အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အထက အဏ္ဏဝါ အခြေခံပညာ အထက်တန်းကျောင်း Grade-4 (1)၌ ပညာသင်ကြားနေသော (ဘ) ဦးနိုင်ဝင်းထွဋ် - အမိ ဒေါ်ခင်သန္တာလှိုင် တို့၏သမီး မခြူးအိမ့်ချယ် ၏ အမည်မှန်မှာ မခြူးအိမ့်ချယ် ဖြစ်ပါကြောင်း။ **မခြူးအိမ့်ချယ်**

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ် (၄)ရပ်ကွက်နေ (ဘ)ဦးတင်မင်းထွေး၏သား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/မဘန (နိုင်)၁၇၉၀၈၇ ကိုင်ဆောင်သူ မောင်ကြယ်စင်မင်းသန့်(ခ)မောင်ကောင်းခန့်ပိုင်မှာ အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ကြယ်စင်မင်းသန့်(ခ)**
**မောင်ကောင်းခန့်ပိုင်**

## ဖခင်အမည်မှန်

မြဝတီမြို့၊ အထက(၁) Grade-3မှ မနော်ထူးအယ်လေးနှင့် Grade-4မှ မောင်စောမြင့်မြတ်သာတို့၏ ဖခင်အမည်မှန်မှာ ဦးရဲမြတ်စွာ ၇/ကတခ(နိုင်) ၁၂၆၃၉၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/01141, TVS Rockz 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဥ္ဇာစိုး ၁၄/ကကန(နိုင်) ၁၀၇၀၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/32979, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှကြည် ၁၄/ရကန(နိုင်)၀၀၆၃၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာအုပ်စု၊ ကွင်းအမှတ်-(၉၈၈-က)၊ ကွင်းအမည်- သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် - (၈၇/၂၈)၊ ဒေါ်ဒီမ်နိတ်လွန်အမည်ဖြင့် ချထားပေးသော မြို့မြေကွက် - (၁.၄၉)ဧကအနက်မှ (၅၅ x ၅၆)ပေ ခြံမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းကိုယ်တိုင် တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ဒီမ်နိတ်လွန်(ဘ) ဦးဆွန်ဇနန်(၃/ဘအန(နိုင်)၀၂၅၈၆၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြစန္ဒာ(ဘ)ဦးတင်ဝင်း(၁၂/သကတ(နိုင်) ၀၀၁၀၃၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၄-၁၂-၂၀၂၄)ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြစန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်သူဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၄)**
**အမှတ် (၅၃၇) ခရေလမ်း၊ (၈/၂) မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၃၁၉၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၁)၊ (တ/ ၁၅)ရပ်ကွက်၊ ပန်းခြံ(၄)၊ အောင်သုခလမ်း၊ အမှတ် (၁၅၂၆/က)ဟုခေါ်တွင်သော အလျား x အနံ(၂၀ပေ x ၆၀ပေ)ရှိ ဦးမြသောင်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ကြည်ညွန့် ၁၂/အစန(နိုင်) ၀၉၁၀၂၉ထံမှ မဇွန်ပွင့်ဖြူ ၁၂/ရပသ(နိုင်) ၁၁၂၀၆၂နှင့် မသင်းသင်းထက် ၁၂/ရပသ(နိုင်) ၁၄၂၂၇၃တို့မှ (၁၁-၂-၂၀၂၄)ရက်တွင်ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီး နေထိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေအား ထပ်မံ၍ မည်သူကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ အမည်လွှဲပြောင်းထားခြင်း မရှိပါကြောင်းနှင့် မြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရရုံး ဌာနတို့တွင် ၎င်း၏ခွင့်ပြုချက်မရှိဘဲ မည်သည့်ဆောင်ရွက်မှုကိုမဆို ကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။ ဝယ်ယူပြီးသည့်အချိန်မှစ၍ လက်ရောက်ရရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇွန်ပွင့်ဖြူ + ၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅၃)**
**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



## ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာချက်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ပိုးလောင်းအုပ်စု၊ ပိုးလောင်းကျေးရွာနေ (ဘ) ဦးတင်သိန်း ၏သမီးဖြစ်သူ မပိုးသီရိ ၁၄/ငပတ(နိုင်)၁၉၆၁၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပိုးသီရိ ၁၄/ငပတ(နိုင်) ၁၉၆၁၉၃နှင့် ဦးကျော်စွာဦး ၁၃/လရန(နိုင်)၁၆၈၈၁၀ တို့သည် ၃၀-၉-၂၀၂၄ ရက်တွင် ပုသိမ်မြို့၌ စိတ်သဘောထားခြင်းမတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ အကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါသည်။ ဦးကျော်စွာဦးနှင့် ဒေါ်ပိုးသီရိတို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝမှန်သမျှတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လင်း (LL.B. CBL)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၀၁)**
**ဒေါ်ခိုင်ဝါဖူး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၆၆၂၆)**
**အမှတ် (၄၆)၊ ကွင်းတန်းလမ်း၊ ပုသိမ်မြို့၊ ရောဝတီတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၅၄၉၆၀၀၊ ၀၉-၄၂၀၀၁၄၂၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပခုက္ကူတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မန္တလေးလမ်း၊ ကွင်းအမှတ် (၁၉၈)၊ ဦးပိုင်အမှတ်၂၁၊ ညောင်လေးပင် အနောက်ကွင်း၊ မြေဧရိယာ (၄.၅၂) ဧကသည် ဒေါ်ခင်ကြည် ၇/ညလပ(ဧည့်)၀၀၀၀၉၈ ဂရန်အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ထိုမြေ (၄.၅၂) ဧကအနက်မှ သားဖြစ်သူ ဦးထွန်းသိန်းအား (၂.၀၅၉) ဧကရှိ မြေကွက်ကို မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ် သော်လည်း လွှဲပြောင်းပေးအပ်သောမြေကွက် (၂.၀၅၉)ဧကအနက်မှ တောင်ဘက်အခြမ်း (၁.၂၈)ဧကရှိ မြေကွက်အစိတ်အပိုင်းကိုသာ မေတ္တာဖြင့်အပိုင်ပေးမှတ်ပုံတင်စာချုပ်ချုပ်ဆိုထားပြီး ကျန်(၀.၇၇၉)ဧက အစိတ်အပိုင်းအား တရားဝင်အထမြောက်စေသည့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ကူးယူရရှိ ပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနတွင် အခွန်ထမ်းဆောင်၍ လိုအပ်သည့်ကိစ္စအရပ်ရပ်အား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ကြည်၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးထွန်းသိန်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းနန္ဒာ (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၆၀၈၈)**
**မြို့မ (၃) ရပ်ကွက်၊ ဗိုလ်ထိန်ဝင်းလမ်း၊ ညောင်လေးပင်မြို့၊**
**ဖုန်း- ၀၉-၇၇၈၉၃၀၁၁၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ အမှတ်(၂၀၉)ဘူတာလမ်း၊ အောက်ကျင်းရပ်ကွက်နေ (ဘ) ဦးထွန်းသိန်း-ဒေါ်ညွန့်ညွန့်ရီ (၁၀/သထန(နိုင်)၀၉၁၁၈၁)တို့၏သမီး မခင်သူဇာထွန်း(၁၀/သထန(နိုင်)၀၂၉၄၄၀)သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့်ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သတ်၍ မည်သည့်ကိစ္စကိုမှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ရီ**
**၁၀/သထန(နိုင်)၀၉၁၁၈၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပခုက္ကူတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံလှကျေးရွာနေ ဦးသန်းထိုက် ၇/ကဝန(နိုင်) ၁၃၂၈၈၇၊ ဒေါ်ဝင်းဝင်းထိုက် ၇/ကဝန(နိုင်) ၁၃၂၈၇၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ၎င်းတို့၏ သားဖြစ်သူ မောင်အောင်ထူးဇော် ၇/ကဝန(နိုင်) ၁၈၀၈၉၇သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မောင်အောင်ထူးဇော်နှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာကိစ္စရပ်များ အားလုံးကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၀၄)**
**အမှတ်(၇၄)၊ ညောင်ဝိုင်း(၁၅)လမ်း၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၇၇၅၆၆၅၇၁၉၊ ၀၉-၄၄၃၆၁၃၅၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/6616, PIAGGIO APE CITY-200, T/W ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၈/ခမန(နိုင်) ၀၁၄၃၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/11032, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၆/ကသန(နိုင်) ၀၁၃၇၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊**
**ကော့သောင်း**

# ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်တွင် တည်ထားတော်မူသော နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အမိုးတန်ဆောင်းတော် တည်ဆောက်ရာတွင် သဒ္ဓါကြည်ဖြူ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် သမိုင်းအထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော် ကတည်းက ပထမ ဟံသာဝတီ ပြည်ခေတ်၊ မိဂါဒိပ္ပမင်းငယ်လက်ထက်တွင် စတင်တည်ဆောက်ပူဇော်ခဲ့ပြီး သမိုင်းခေတ်အဆက်ဆက် အပြောင်းအလဲများအရ ပျက်စီးယိုယွင်းနေခြင်းကို ဒုတိယ ဟံသာဝတီပြည်ခေတ် ဓမ္မစေတီမင်း လက်ထက်တွင် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီး ထိုမှတဖန် ကာလကြာရှည်သော် မင်းဆက်များ ပျက်စီးခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့် ထပ်မံပျက်စီးယိုယွင်းခဲ့ကာ ရုပ်ပွားတော်မြတ်ကြီးသည်လည်း သလွန်တော်ပါ ကုန်းမြေအဖြစ်သာ ကျန်ရှိခဲ့ပါသည်။

၂၀၀၂ ခုနှစ်တွင် အလှူရှင် ဘုရားဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်နှင့် မောင်နှမများ၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး ပြည်သူပြည်သားအပေါင်းတို့၏ ထက်သန်သော စုပေါင်းသဒ္ဓါစွမ်းအားတို့ဖြင့် အလျား ၂၇၀ ပေ၊ အမြင့်ဉာဏ်တော် ၆၃ ပေရှိ ရုပ်ပွားတော်မြတ်ကြီးကို ပြန်လည်စတင်တည်ဆောက်ပူဇော်ခဲ့ရာ ၂ နှစ်တာကာလအကြာ ၂၀၀၄ နှစ်တွင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ယခု ဖူးမျှော်ကြည်ညိုရသည့်အတိုင်း ပေါ်ထွန်းတည်ရှိ တော်မူခဲ့ပါသည်။

ယခုအခါတွင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်များ ကာကွယ်နိုင်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးပြည်သူများ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာစွာဖြင့် ဖူးမျှော်ကြည်ညိုပူဇော်နိုင်ကြစေရန်အတွက် အမိုးတန်ဆောင်းတော်ကြီးကို တည်ဆောက်သွားမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူပြည်သား ခုနစ်ရက်သားသမီးများနှင့် သဒ္ဓါကြည်လင်ပါရမီရှင် ဘုရားဒါယကာ အလှူရှင်၊ အလှူအစ်မ သူတော်ကောင်း တို့အနေဖြင့် အမိုးတန်ဆောင်းတော်ကြီး အမြန်ဆုံးပြီးစီးနိုင်စေရန်အလို့ငှာ သဒ္ဓါကြည်ဖြူ ပါဝင် လှူဒါန်းတော်မူကြပါရန် နိဗ္ဗာန်အကျိုးရည်မျှော်ကိုး၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ**

**၁။ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း- ၀၉ – ၅၀၈၆၆၉၀**

**၂။ တိုင်းဒေသကြီးသာသနာရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉-၂၅၉၀၁၀၅၂၆**

**၃။ ဂေါပကအဖွဲ့ – မြန်မာ့စီးပွားရေးဘဏ်(ပဲခူးမြို့)၊ SF–008303 ၊ – KBZ Bank Account , 20330299921933801(Kanbawza Ltd–BGO–3)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ သတိပဋ္ဌာန်လမ်းမကြီး၊ မြေကွက်အမှတ်(၄၃)ဟုခေါ်တွင်သော သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ထန်းပင်ကုန်းမြောက်ကွက်၊ ဦးပိုင်အမှတ်(၂/ည+၃/က)တွင်ရှိသော မြေလပ်-၀.၀၁၇ ဧကနှင့် G အမျိုးအစား ၃.၃၄၄ ဧကတို့သည် သန်လျင်မြို့နယ် မြေစာရင်းဌာနတွင် အခွန်စည်းကြပ်ခံရသူ AKRMM ချွန်းယား အမည်ဖြင့် သတ်မှတ်ထားရှိပြီး မြေလပ်(၀.၀၁၄) နှင့် G အမျိုးအစား (၀.၀၂၃)စုစုပေါင်း(၀.၀၂၇)ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသည့် နှစ်ထပ်တိုက်အိမ်(၁)လုံး၊ နှစ်ထပ်လေးခန်းတွဲ ပျဉ်ထောင်အိမ် (၁)လုံး၊ လျှပ်စစ်မီတာ(၂)လုံးတို့၏ အကျိုးခံစားခွင့် အရပ်ရပ်အား ၎င်းထံမှ အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော (၁)ဒေါ်ခင်ရီ (ဘ) ဦးညွှန့်မောင် (၁၂/သလန(နိုင်)၀၅၆၁၂၇)၊(၂)ဒေါ်ညွှန့်ညွှန့်စိန်(ဘ) ဦးကုလား(၁၂/သလန(နိုင်)၀၁၂၁၉၆)၊(၃) ဒေါ်သီသီ(ဘ)ဦးရွှေညိမ်း(၁၂/သလန(နိုင်)၀၁၂၁၉၇) တို့မှ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ မိမိတို့ကသာ တရားဝင် လက်ရှိပိုင်ဆိုင် စီမံမှုပြုနေပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ကတိပြုဝန်ခံပြောဆိုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးအောင်မြင့်(ဘ) ဦးဂေါ်ပါလူး (၁၂/သလန(ပြု)၀၀၀၆၀၇)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန့်ကြားသူ-**
**ဦးအောင်မြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B, D.B.L, D.I.L, (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)**
**အမှတ်(၃၇)၊T.T.Uရှေ့၊သန်လျင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၅ ၉၇၉ ၁၂၆။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေကွက်အမှတ် (ပ-၂၀၀၆၆)၊ ဧရိယာ (၀.၁၁၀)ဧကကို အမည်ပေါက် ဦးသိန်းဝင်း (တရားရှုံး) ကိုယ်စား ပုဗ္ဗသီရိမြို့နယ်၊ တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဒေါ်ခင်ဝေမင်း (ဘ)ဦးသိန်းအောင် ၁၂/ကမန(နိုင်)၀၇၀၂၁၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၃၀/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၂၅/၂၀၂၃တို့တင်ပြ၍ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀/၁၄၊ ဦးပိုင်အမှတ် ၁၄-က(ခဲစင်း)၊ ရန်-မန်းလမ်းနှင့် ရတနာပုံလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီ (၎င်း၏ကိုယ်စား)အစည်းအဝေးမှတ်တမ်းအရ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း (ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်)၀၀၀၃၀၅က အမှုတွဲအမှတ်(၅၂၈၉/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရယူခြင်းအား ပယ်ဖျက်ပြီးစီးပါကြောင်းကြေညာချက်

အင်းဝဘဏ်လီမိတက်၊ ပြည်ဘဏ်ခွဲတွင်ချေးယူရရှိထားသော ဦးသန်းဇော်ကို + ဒေါ်ဇာခြည်အေး တို့သည် (၇-၈-၂၀၂၄)ရက်နေ့တွင် ၎င်းတို့ချေးယူထားသော ချေးငွေအရင်း/အတိုးအားလုံးအား အကျေပေးဆပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘဏ်တွင်အပေါင်အာမခံအဖြစ်ရယူထားသော ဦးသန်းဇော်ကို အမည်ပေါက်ရှိ ကွင်းအမှတ်(၈၀၂)[S]၊ (ဦးပိုင်အမှတ်(၁၀၈[ခ]၊ ၁၁၀/၃)(၁.၀၀)ဧက ဂရန်မြေနှင့်ပတ်သက်၍ မြေပုံ၊ မြေရာဇဝင်ကူးယူခွင့်မပြုရန် ကန့်ကွက်ထားခြင်းနှင့် အင်းဝဘဏ်လီမိတက်၊ ပြည်ဘဏ်ခွဲမန်နေဂျာမှ အထူးကိုယ်စားလှယ်လွှဲစာ ရယူထားခြင်းအား (၈-၈-၂၀၂၄)ရက်နေ့မှ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဘဏ်ခွဲမန်နေဂျာ**
**အ/၁၁၈၁/မန်နေဂျာ**
**ဦးသန့်ဇင်ထွန်း**
**အင်းဝဘဏ်လီမိတက်၊ ပြည်မြို့၊ ဘဏ်ခွဲ**
**ဖုန်း-၀၉-၉၆၁၀၅၇၆၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/56550, Honda Scoopyi 110 ယာဉ်လက်ဝယ် ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဖယ/၇၄၇၈၃, Honda Wave 100 NCX M/C ယာဉ်လက်ဝယ်ရှိသူ ဦးရီဇော် ၆/မအရ(နိုင်) ၁၀၁၈၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇) ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၅၅၇)ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၅၅၇)၊ မြေအမျိုးအစား(အိုးအိမ်မြေချပါမစ်)၊ မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေ အမည်ပေါက် ဦးပဲစိဖြင့် လည်းကောင်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၇)၊ မြေကွက်အမှတ်(၅၅၈)၊ (၄၀x၆၀)ပေ အမည်ပေါက် ဦးကျော်ဟန်ဖြင့်လည်းကောင်း၊ မှတ်သားထားရှိသော မြေကွက်(၂)ကွက်ကို အရပ်စာချုပ် အဆက်စပ်ဖြင့် ဒေါ်အေးအေးသန်း ၁၂/သဃက(နိုင်)၀၇၈၉၀၂မှ ဝယ်ယူပိုင်ဆိုင် ထားရှိသော မြေကွက်(၂)ကွက်ကို ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆို ပြုကမ်းလှမ်းခဲ့ရာတွင် ဒေါ်ခင်မျိုးဝေ ၇/ပခန(နိုင်) ၂၅၃၁၉၀မှလည်းဝယ်ယူရန် နှစ်ဖက်သဘောတူညီခဲ့ပါသဖြင့် (၁-၁၂-၂၀၂၄)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်း အပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအရ အရောင်းအဝယ်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး အထက်တန်းရှေ့နေ(စဉ်-၁၉၁၂၁/၃၀-၆-၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၆၀၃၃၄၊ ၀၉-၄၃၀၇၃၃၁၈**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အထက (၂)တွင် ပညာသင်ကြားနေသော Grade-5 မှ မောင်ဇော်မင်းခန့်နှင့် Grade-3 မှ မောင်ကောင်းခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဖြူ ၁/မညန(နိုင်)၀၉၃၁၃၃ ဖြစ်ပါကြောင်း။

**ဦးဖြူ**

## ပတ်စ်ပို့ပျောက်

မိုးညှင်းမြို့၊ မြို့မရပ်ကွက်၊ သိမ်အင်းရပ်နေ ဦးစိုးတင့် (ဘ) ဦးအိုက်ခမ်း ၁/မညန(နိုင်)၁၇၅၀၀၈၏ နိုင်ငံကူး လက်မှတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၀၀၀၁၈၀၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်- ၂၄၃၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ (၀. ၀၅၅ဧက)၊ (၂၄၀၀) စတုရန်းပေ အကျယ်ရှိ ဦးမျိုးဝင်းခိုင်-ဦးကျော်ဝင်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဦးမျိုးဝင်းခိုင် ပိုင်ဆိုင်သည့်အစု၏ (မြေရင်းဘက်အခြမ်း) (အလျား ၂၀ ပေ x အနံ ၆၀ ပေ) (၁၂၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၂၇၅ဧက) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၄၃၊ (မြေရင်းခြမ်း)၊ တောင်ငူလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပူးတွဲမြေအမည်ပေါက်ဖြစ်သူ ဦးမျိုးဝင်းခိုင် (၅/ခဥန (နိုင်)၀၆၆၈၈၅)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ထားပြီး အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အစိုးရဌာနတစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမှုရင်ဆိုင်ဖြေရှင်းနေရခြင်း၊ အမွေစားအမွေခံ စသည့် အရှုပ်အရှင်းမရှိ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စဖူရာဘီ (ခ) ဒေါ်ခင်လှဝေ (၅/ရဘန(နိုင်)၁၂၃၂၉၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူတို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်မြတ်သီတာအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)**
**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း – ၀၉-၂၅၀၀၂၁၇၇၂ ၊ ၀၉-၇၉၉၂၅၈၂၀၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဖယ/၇၅၁၇၈, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းထွန်း ၆/မမန(နိုင်)၁၉၄၅၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၂၃၂၇၅, Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး၆/မအရ(နိုင်)၀၀၇၇၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ/တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်း လုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေး ပစ္စည်းများဖြစ်သည့်၊ ဒီဇယ်ဆီ(ရိုးရိုး)၊ ဘိလပ်မြေနှင့် ကျောက်ကြီး များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း ၀၉-၂၅၆၂၂၆၀၀၄၊ ၀၉-၇၈၉၉၈၇၄၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးအပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံးဝင်း၊ တည်ဆောက်ရေး(၅)၊ (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန်** (Profile အထောက်အထားများ တင်ပြရမည်။) - ၉ - ၁၂ -၂၀၂၄ (ရုံးချိန်အတွင်း)

(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၂၀-၁၂-၂၀၂၄ရက် ညနေ ၄:၃၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** ၂၃ - ၁၂ -၂၀၂၄ရက် နံနက် ၁၀:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**တည်ဆောက်ရေး(၅)၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၁

ဒေါ်သန်းသန်းမြင့် နှင့် ဦးမောင်မောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းရွှင်)

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အပိုင်း(၁၂/၂၈)၊ငွေတော်ကျီကုန်းရပ်နေ ဦးမောင်မောင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းရွှင်) (ယ ခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမောင်မောင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းရွှင်) သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းမြင့်က မန္တလေးမြို့(ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ (၀ဒသမ၀၅၅၁)ကေ၏ အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် ဏ-၃၊ ဦးပိုင်အမှတ် ၆၆၊ ၆၂လမ်း၊ ၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသက်ထွန်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၄၁၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှဲ့လှဲ့မာ ၁၀/သထန(နိုင်)၁၄၀၆၅၄က အမှုတွဲအမှတ် (၅၄၁၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၆၅၀)၊ မြေဧရိယာ (၀ဒသမ၀၅၅) ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၃၁/၁၉၉၉-၂၀၀၀ အရ ဗိုလ်မှူးကြီးရဲဖုန်းမြင့် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးအေးကိုထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၆/၂၀၀၆)ဖြင့် ဒေါ်ဖြူဖြူဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဖြူဖြူဝင်း ၁၂/သကတ(နိုင်)၁၀၆၈၉၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ကေရှိ ဒေါ်မြင့်မြင့်စန်း ၁၂/ဗဟန(နိုင်)၀၅၁၈၄၀ (ဘ)ဦးကျော် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၀၆၂၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၁၅/၂၀၂၂ (၁၀-၈-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မျိုးစော ၁၂/ကမရ(နိုင်) ၀၀၃၆၀၈ (ဘ)ဦးစောကြိုင်မှ ဒေါ်ဖွန်နုရည်လှိုင် ၉/သစန(နိုင်)၁၁၃၈၈၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကျန်းမာရေးရပ်ကွက်၊ ဒေါ်တင့်တင့်မိုးမှ မြေးအရင်းဖြစ်သူ မသက်မြတ်နိုးအား အမွေစား အမွေခံ အဖြစ် လွှဲပြောင်းခဲ့ပါကြောင်း။

**ဒေါ်တင့်တင့်မိုး**
**၁/မကန(နိုင်)၀၂၉၀၂၁**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ မသန္တာလွင်မှ တူမအရင်းဖြစ်သူ မအိစန္ဒာမင်းအား အမွေစားအမွေခံ အဖြစ် လွှဲပြောင်းပေးခဲ့ပါကြောင်း။

**ဒေါ်သန္တာလွင်**
**၉/ပဥလ(နိုင်)၀၀၄၉၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ အောင်ဘောဂလမ်း၊ မြေကွက်အမှတ်(၇၀)၊ အကျယ်(၄၀' x ၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဒေါ်သီရိမေ အမည်ပေါက် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အား ဒေါ်သီရိမေထံမှ တစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင် အကျိုးခံစားနေ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဦးကျော်လွင် ၈/မသန(နိုင်)၀၆၉၂၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒီမ်ဝိုညောင် ၄/တတန(နိုင်)၀၄၀၃၈၀သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ မည်သူမဆို မြေကွက်အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်(ပါမစ်) အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် (LL.B,C.B.L)**
**အထက်တန်းရှေ့နေ(စဥ်-၄၅၇၀၅)**
**အမှတ်(၉၁၆/ခ)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ အောင်ဘောဂလမ်း၊ မြေကွက်အမှတ်(၇၁)၊ အကျယ်(၄၀' x ၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဦးအုန်းသန်း အမည်ပေါက် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အား ဦးအုန်းသန်းထံမှ တစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင် အကျိုးခံစားနေ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဦးစိုင်းပေါက်ခမ်း ၁၂/တမန(နိုင်)၁၂၂၁၄၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဒီမ်ဝိုညောင် ၄/တတန(နိုင်)၀၄၀၃၈၀သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ မည်သူမဆို မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်(ပါမစ်) အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် (LL.B,C.B.L)**
**အထက်တန်းရှေ့နေ(စဥ်-၄၅၇၀၅)**
**အမှတ်(၉၁၆/ခ)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၁၁၆)၊ ဧရိယာ ၀.၀၅၅ ဧက၊ မြေကွက် တည်နေရာအမှတ်(၁၁၆)၊ ပီမိုးနင်းလမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကြည်ဝေ(ZLN-၁၀၁၈၈၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်ဝေ(ZLN-၁၀၁၈၈၈)(ခင်ပွန်း) သည် (၂၄-၅-၂၀၂၂)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်သန်းသန်း( ၁၂/လယရ(နိုင်)၀၁၄၃၁၈)မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းအပြင် အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်းနှင့် ဂရန်ပါမြေပုံစာရွက်သည် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း၊ ၎င်းစာရွက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်းမရှိကြောင်း ဝန်ခံကတိပြုစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင် လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ် (၃၂)ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၁၇၁/၁၉၉၉-၂၀၀၀ အရ ဒေါ်သိန်းသိန်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးသန်းထွန်းတင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၀/၂၀၂၄)ဖြင့် ဒေါ်ယုဝါစန်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ယုဝါစန်း ၆/မမန(နိုင်)၁၅၈၈၈၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သွာနုတ္တသားအဖြစ်အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာနေ ဒေါ်သဲမာထွန်း(၇/ဒဥန(နိုင်)၁၃၁၆၉၅) (ခေတ္တ-စင်ကာပူ)၏ သားဖြစ်သူ မောင်မင်းခန့်ကို(၇/ဒဥန(နိုင်)၂၄၃၁၉၈)သည် မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒဖြင့် ခွင့်မလွှတ်နိုင်သည့် လုပ်ရပ်များကို လုပ်ဆောင်နေသည့်အတွက် ယနေ့မှစ၍ မောင်မင်းခန့်ကိုအား သွာနုတ္တသားအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်ဖြစ်သူဒေါ်သဲမာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ နန်းရှေ့၊ ၁၉လမ်း၊ ၆၁x၆၂ လမ်းကြားနေ ဦးသော် တာလှ(ဘ) ဦးသက်ထွန်းလှ၉/ပသက (နိုင်)၁၁၄၄၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၄၉၃)၊ ဦးပိုင်(၁၇/၁)အတွင်းမှ အကွက်အမှတ်(C-1၊ တောင်မြောက် (၂၀)ပေ၊ အရှေ့အနောက် (၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးသက်ထွန်းလှမှ (၁၉-၂-၂၀၂၄)ရက်စွဲပါအရောင်း အဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား မိဘများဖြစ်ကြသည့် ဦးသက်ထွန်းလှနှင့် ဒေါ်နန်ရာ(ခ) အယ်လ်နန်ရာတို့မှ သားသမီးများဖြစ်ကြသည့် ဦးသော်တာလှ၊ ဒေါ်စုမြတ်နန္ဒာလှနှင့် ဒေါ်သဲစုမြတ်နန္ဒာလှတို့ မောင်နှမ (၃)ဦးအား (၁-၄-၂၀၂၄)ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးခြင်းကတိစာချုပ်အရ အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ် ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံသည် ဦးသော်တာလှ၊ ဒေါ်စုမြတ်နန္ဒာလှနှင့် ဒေါ်သဲစုမြတ် နန္ဒာလှတို့ မောင်နှမ(၃)ဦးသာလျှင် လက်ရှိပိုင်ဆိုင်ပြီး အခြားပူးတွဲပိုင်ဆိုင်သူ မည်သူတစ်ဦးတစ်ယောက်မျှမရှိပါ။ ဦးသော်တာလှတို့ မောင်နှမ(၃)ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦး တစ်ယောက်မျှ မြေကွက်နှင့် အဆောက်အအုံအား စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ချက်အရ -**
**ဦးသော်တာလှ**
**ဦးကျော်ဇင်ဦး(LL.B)** (အထက်တန်းရှေ့နေ) (စဥ်-၅၁၄၉၃)
**ဦးစိုးအောင် (LL.B)** (အထက်တန်းရှေ့နေ) (စဥ်-၅၃၆၃၈)
**၄၂လမ်း ၈၈x၈၉လမ်းကြား၊ သံ/ရှေ့၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၄၇၀၆၅၈၅၊ ၀၉-၇၇၃၂၈၈၀၇၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ သစ်ရာမြိုင် အထက Grade-11မှ မမြအိမ်စည်၏ ဖခင်အမည်မှန်မှာ ဦးမော် ၅/အရတ(နိုင်) ၀၆၁၅၂၁ ဖြစ်ပါကြောင်း။

**ဦးမော်**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အမှတ် (၂)၊ အခြေခံပညာ အထက်တန်းကျောင်း Grade-4 တွင် ပညာသင်နေသော မရတီပိုးအိမ်၏ ဖခင် ဦးတင်မိုးဝင်းအား ဦးအောင်ဆန်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်လွှာခေါ်ယူခြင်း
## အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ် အမှတ် ၆ရပ်ကွက်၊ မြို့သစ် (က)၄၊ လမ်း/ရွာရှိ ကွင်းအမှတ် ၄၁၁^(ခ)၊ ကွင်းအမည် ဘရန်းကြာအင်းလေး၊ ဦးပိုင်အမှတ် ၁၂+၁၃+၁၄+၁၅+ ၁၆+၁၇၊ ဧရိယာ (၀.၂၃၄၁)ကေအား ဦးတင်ဝင်းပါ-၂ ဦးအမည်ဖြင့် မြေငှားဂရန် (အသစ်)လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| အရှေ့လားသော် | လမ်းကြား |
| အနောက်လားသော် | မြို့သစ်(က) ၄လမ်း |
| တောင်လားသော် | ဦးပိုင်အမှတ် ၁၂၊ ဦးစိုးမြင့် |
| မြောက်လားသော် | ဦးပိုင်အမှတ်-၁၇၊ ဦးအောင်သိန်း |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၂၃-၁၀-၂၀၂၄ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/86505, New Zhineng-110ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/30171, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်ဝင်း ၁၄/အမန(နိုင်) ၀၉၂၇၂၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/99328, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## မြေသြဇာမှတ်ပုံတင် ဖျက်သိမ်းကြောင်း ကြေညာချက်

မြေသြဇာကော်မတီ၏ (၄၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရက်ပေါင်း ၉၀ ကျော်လွန်သည့်တိုင် မှတ်ပုံတင် သက်တမ်းတိုး ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသော ဖော်ပြပါ ပြည်ပမှ တင်သွင်းသည့် မြေသြဇာမှတ်ပုံတင် လက်မှတ် (၂၈)စောင်အား ဖျက်သိမ်းလိုက်သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### (၄၃) ကြိမ်မြောက်မြေသြဇာကော်မတီအစည်းအဝေးမှ မှတ်ပုံတင် သက်တမ်းတိုးခြင်းမရှိ၍ ဖျက်သိမ်းလိုက်သည့် မြေသြဇာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်( ၂၈ )စောင်

| စဉ် | မြေသြဇာအမည် | ပါဝင်သောအပင်အာဟာရဓာတ် အချိုးအစား | မှတ်ပုံတင်လက်မှတ် |
|---|---|---|---|
| ၁ | ၂ | ၃ | ၆ |
| ၁ | ကွန်ပေါင်းဓါတ်မြေသြဇာ (16-16-16) (ROSSOSH) (50 Kg) | ( N:16%, $P_2O_5$:16%, $K_2O$:16% ) | တသ- ၆၄၁၃ |
| ၂ | Potassium Sulphate Fertilizer (MC) (50 Kg) | ( $K_2O$≥52%, Cl≤1.5%, S≥17.5% ) | တသ- ၆၄၁၄ |
| ၃ | Muriate of Potash Fertilizer (SINO-AGRI) (50 Kg) | ( $K_2O$ ≥ 62% ) | တသ- ၆၄၁၅ |
| ၄ | ကွန်ပေါင်းဓာတ်မြေသြဇာ(16-9-20) (Solugran) (25 Kg) | ( N:16%, $P_2O_5$:9%, $K_2O$:20% ) | တသ- ၆၄၁၈ |
| ၅ | "ပိုတက်စီယမ် မဂ္ဂနီဆီယမ် ဆာလ်ဖိတ် ဓာတ်မြေသြဇာ(K-Mag)(50 Kg)" | ( $K_2O$ ≥ 22%, Mg ≥ 11%, S ≥ 22% ) | တသ- ၆၄၁၉ |
| ၆ | ကွန်ပေါင်းဓာတ်မြေသြဇာ(12-40-0) (SZ) (25 Kg) | ( N:12%, $P_2O_5$:40% ) | တသ- ၆၄၂၀ |
| ၇ | ကွန်ပေါင်းဓာတ်မြေသြဇာ (17-7-22) (HF)(40 Kg) | ( N:17%, $P_2O_5$:7%, $K_2O$:22% ) | တသ- ၆၄၂၁ |
| ၈ | ကွန်ပေါင်းဓာတ်မြေသြဇာ (16-6-24)(HF) (50 Kg) | ( N:16%, $P_2O_5$:6%, $K_2O$:24% ) | တသ- ၆၄၂၂ |
| ၉ | ကွန်ပေါင်းဓာတ်မြေသြဇာ (15-15-15) (HF) (50 Kg) | ( N:15%, $P_2O_5$:15%, $K_2O$:15% ) | တသ- ၆၄၂၃ |
| ၁၀ | Potash Fertilizer (BOBYUN) (50 Kg) | ( $K_2O$≥60% ) | တသ- ၆၄၃၈ |
| ၁၁ | Compound Fertilizer (BOBYUN) (15-15-15) (50 Kg) | ( N : 15%, $P_2O_5$ : 15%, $K_2O$ : 15%, OM ≥ 45% ) | တသ- ၆၄၃၉ |
| ၁၂ | ပိုတက်(ရှ်) ဓာတ်မြေသြဇာ(အမှုန့်) (0-0-60)(ယူနီယံ) (50 Kg) | ( $K_2O$:60% ) | တသ- ၆၄၄၉ |
| ၁၃ | ပိုတက်(ရှ်) ဓာတ်မြေသြဇာ(အခဲ) (0-0-60) (ယူနီယံ) (50 Kg) | ( $K_2O$:60% ) | တသ- ၆၄၅၀ |
| ၁၄ | အရည်အသွေးမြင့် Urea ဓာတ်မြေသြဇာ (ရွှေမင်းသား) (50 Kg) | ( N : 46 % ) | တသ- ၆၄၇၀ |
| ၁၅ | UREA FERTILIZER (46-0-0) (Flying Tiger ) ( ကျားပျံ )(50 Kg) | (N:46%) | တသ- ၆၄၇၁ |
| ၁၆ | UREA FERTILIZER (46-0-0) (Iron Ring ) ( သံကွင်း ) (50 Kg) | (N:46%) | တသ- ၆၄၇၂ |
| ၁၇ | Potash Fertilizer (Iron Ring ) ( သံကွင်း )(0-0-60)(50Kg) | ( $K_2O$ : 60 % ) | တသ- ၆၄၇၃ |
တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၇)နေ အမှတ်(၂)တရားပြိုင် ဦးသန့်ဇင်(ယခုနေရပ်လိပ်စာမသိသူ)နှင့် တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ နန်းသီတာလမ်း၊ အမှတ်(၁၃၀)နေ အမှတ်(၃)တရားပြိုင် ဦးခင်မောင်အေး (ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၁၀၃ အရ တိုက်ခန်းအမှတ်(B-2)သည် တရားလိုပိုင်တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**

**ဒုတိယခရိုင်တရားသူကြီး**

**တောင်ကြီးခရိုင်တရားရုံး**

## ဒေါ်ခေါ်နိထွယ်(၁/မကတ(နိုင်)၁၁၀၈၃၃)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇီတာ ၄လမ်း၊ အမှတ် ၁၂၅၇ နေ ဒေါ်ခင်စန်းတင့် ၁၂/ ဥကမ(နိုင်)၀၉၉၄၅၁ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အနန္တသုခလမ်း၊ အမှတ်(၂၀၀)နေ ဒေါ်ခေါ်နိထွယ် ၁/မကတ(နိုင်)၁၁၀၈၃၃သို့ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၀-၇-၂၀၂၂)ရက် က လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၅၇/၂၀၂၂)အား ယခုကြေညာပါသည့်ရက်မှစ၍ လွှဲအပ်သူမှ ပြန်လည်ရုပ်သိမ်းကြောင်းကို ဒေါ်ခေါ်နိထွယ် ၁/မကတ(နိုင်)၁၁၀၈၃၃ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းတင့် ၁၂/ဥကမ(နိုင်)၀၉၉၄၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝေယံစိုး (LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၃၅၄၇)**

**အမှတ် (၅၄၆/က)၊ ဆုပြည့်ရတနာ ၃လမ်း၊ (၅၆)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

**ဖုန်း-၀၉-၂၅၂၀၉၄၈၄၀**

## အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၊ မြင်သာ (၂)လမ်း(အပေါ်)၊ မြေကွက်အမှတ်(၃၇/ခ)၊ အကျယ်အဝန်း အလျားxအနံ(၂၀x၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေဟု ခေါ်တွင်သော အိမ်ခြံမြေကို အရောင်းအဝယ်အရပ်ကတိ စာချုပ်ဖြင့် ယခုရောင်းချသူမှ လွန်ခဲ့သော (၄၉)နှစ်ခန့်ကတည်းက ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။ ယခုအခါ ရောင်းချသူ ဦးကျော်မြင့် မှ ရောင်းချခွင့်ရှိသည်ဟု ဝန်ခံလျှက် အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးကျော်မြင့် ၁၂/ဒဂန(နိုင်)၀၁၄၉၀၇ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးခိုင် ၁၂/ဥကတ(နိုင်)၁၄၆၆၆၁ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ရောင်းချသူနှင့် သမီး၊ မြေးတို့မှ သက်သေအဖြစ် လက်မှတ်ရေးထိုး ကာစရန်ငွေလက်ခံရယူ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက ဤအိမ်ခြံမြေအရောင်းအဝယ်ကို အပြီးအပိုင် ဆက်လက် ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်စုစုအောင် (LL.B) | ဒေါ်ဖွေးလဲ့ဖြူ (LL.B) |
|---|---|
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

**ရုံးခန်း- အမှတ်(၉၉၉)၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၇၇၈၉ ၄၀၂၀၆**

## ကိတ္တိမသားအဖြစ် မွေးစားခြင်းမှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အောင်ဇေယျာရပ်ကွက် နယ်မြေ(၇)နေ ဦးမြတ်မော်-(ဒေါ်ခင်ရီ)တို့မှ မောင်ထက်ဝေအောင် ၉/မထလ(နိုင်)၂၃၆၁၃၄ အား ၁၇-၇-၁၉၉၃ ရက်တွင် ကိတ္တိမသားအဖြစ် မွေးစားခြင်းကို မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရုံးတွင် ဆောင်ရွက်ခဲ့ပြီး သားအဖြစ် စနစ်တကျ ပြုစုပျိုးထောင်မွေးစားခဲ့သော်လည်း မောင်ထက်ဝေအောင်သည် မွေးစားမိဘများအပေါ် သားသမီးတို့၏ ဝတ္တရားများ ကျေပွန်မှု မရှိသည့်အပြင် ၁၉၉၆ ခုနှစ်ခန့်တွင် ၎င်း၏သဘောဆန္ဒအလျောက် မွေးစားမိဘများ၏ နေအိမ်မှ ဆင်းသွားခဲ့ပြီးဖြစ်သောကြောင့် ယနေ့မှစတင်၍ ကိတ္တိမသားအဖြစ် မွေးစားခြင်းမှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မွေးစားမိဘ - ဦးမြတ်မော် ၉/မထလ(နိုင်)၀၃၁၉၃၆**

**MQID**

**မြန်မာနိုင်ငံကျောက်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MQID)**

**စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ**

မြန်မာနိုင်ငံကျောက်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MQID) ၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် သွားမည်ဖြစ်၍ ကုမ္ပဏီအစုရှယ်ယာရှင်များ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၁.၁၂.၂၀၂၄ |
| ကျင်းပမည့်အချိန် | - | နေ့လည် (၁:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | - | Virtual Meeting |

Zoom Meeting ID နှင့် Password ကို ပေးပို့သွားမည်ဖြစ်ပါသဖြင့် ဆက်သွယ်ရမည့် Email, Phone, Viber စသည်တို့ကို(၁၆.၁၂.၂၀၂၄)နေ့ နောက်ဆုံးထား၍ ယခုဖော်ပြပါ Email, Phone သို့ကြိုတင်ပေးပို့ကြပါရန်။

Email - mqid.mm@gmail.com

Phone - 09 422200300

ဒါရိုက်တာအဖွဲ့

MQID

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ အသောကလမ်းသွယ် (၁)၊ အရှေ့လားသော် အသောကလမ်းသွယ် (၁)၊ အနောက်လားသော် ဒေါ်အေးမြသွင်၏အိမ်၊ တောင်လားသော် (၃) ပေအကျယ် လူသွားလမ်း ၊ မြောက်လားသော် (၃) ပေအကျယ် လူသွားလမ်း၊ အလားလေးရပ်အတွင်းရှိ အကျယ်အဝန်း (၃၂ x ၁၀၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လာခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးအောင်သီဟ ၁၂/ရပသ(နိုင်)၀၆၉၀၂၅ ထံမှ မတင်ဆွေလင်း ၅/ပလန(နိုင်)၀၉၅၉၅၃ က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်ဇော် | ဒေါ်အိအိဖြူ | ဒေါ်ရီရီကျော်လွင် |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀) | အထက်တန်းရှေ့နေ(စဉ်-၃၇၇၉၄) |
| B. c,PGDL,HGP,WIPO (Switzerland) | LL.B,DLP,WIPO (Switzerland) | LL.B,DBL |

**အမှတ် (၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၆၃၈၀၈၇၉၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်နေ မချိုချိုခိုင်၏ ဖခင် ဦးတင်မောင်ထွေး(ခ) ဦးတင်မောင်ဌေး ၁၄/မမက(နိုင်)၁၇၉၀၇၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City အိမ်ရာဝင်းအတွင်းရှိ City Loft အိမ်ရာ၊ Building CL5(B4)၊ Room (405)၊ Type(3Bedroom)၊ ဧရိယာ ၉၅၈ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်သူ ဦးကျော်ထူးဗလ ၁၂/ကမရ(နိုင်)၀၆၀၈၂၄ မှ ဦးသိန်းဌေး ၃/ကဆက(နိုင်) ၀၀၁၇၈၇ အား ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်စွန့်လွှတ်ပေးအပ်ပြီးဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသိန်းဌေး**

**၃/ကဆက(နိုင်) ၀၀၁၇၈၇**

**ဖုန်း-၀၉-၇၉၂၀၀၀၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/87059, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဝေ ၇/ပခန(နိုင်)၃၇၄၈၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**

**ပြည်မြို့နယ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9536 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၅၀၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်း ၁၀/မလမ(နိုင်)၀၆၉၅၃၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၄၈၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၇၈၂၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3927 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၈၃၃၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၁၀/သဖရ(နိုင်)၀၅၀၈၁၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/22750 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝေ ၁၀/သဖရ(နိုင်)၀၉၅၀၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့နယ်၊ မုံရွာတောင်၊ ပိတောက်ကုန်းရပ်နေ ဦးကျော်ဆွေ၏သား မောင်ထွန်းဝင်းအောင် ၅/မရန(နိုင်)၂၀၉၈၇၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MA 591553 မှာ ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၀၅၃၄၁၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၀၀၆၀ Toyomax-125 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးဇော် ၈/မကန(နိုင်) ၃၀၂၁၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာမြို့၊ SEC ကိုယ်ပိုင် အထက်တန်းကျောင်း(G-10) မှ မချိုးချိုးစံသာ၏ဖခင် ဦးရဲဆန်း (ခ) ဦးနွမ်ရာဆန်း ၅/တမန(နိုင်) ၀၃၄၅၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက (၃) (G-10) မှ မစုမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုးခိုင် ၅/ခဥန(နိုင်) ၀၅၅၁၂၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/12943 Haojue-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၉/လဝန(နိုင်) ၁၃၅၉၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃/က၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်၊ (၆ လမ်း ၊ ၂၁) ရေိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား အမှုတွဲအမှတ် ၂၀၆၂/ ၁၉၉၂-၁၉၉၃ အရ (၉-၂-၁၉၉၄)မှ(၈-၂-၂၀၂၄)ထိ ဗိုလ်ကြီးကိုကိုညွန့် အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေကွက်အား အမှုတွဲအမှတ် ၁၈ VRP 2022-2023 အရ ဒေါ်မာမာ၊ ဒေါ်နွယ်နွယ်ခိုင် အမည်သို့ ၃၀-၁၁-၂၀၂၂ ရက်မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်းချထားပေးသောမြေကွက်အား ဒေါ်မာမာ၊ ဒေါ်နွယ်နွယ်ခိုင်မှ မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၇

မရှောက်ဝူ(ခ)မဝင်းဝင်းထိုက် **နှင့်** ဒေါ်နန်းဝိုးဟွမ်
**တရားလို** **တရားပြိုင်**

အမှတ်(၁၁၂)၊ နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ အေးသာယာမြို့နေ ဒေါ်နန်းဝိုးဟွမ် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို မရှောက်ဝူ(ခ)မဝင်းဝင်းထိုက်က မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီ အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်၊ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဒွေးကြွယ် (က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ်(၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ခန်းတိုက်၏ ၆-လွှာ/အေ(အပေါ်ဆုံးထပ်)၊ တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်၊ အကျယ်အဝန်း(၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မေဇာလွင်လွင် ၁၁/ကဖန(နိုင်)၀၃၆၄၃၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)** **ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

### သက်ဆိုင်သူများကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်မြို့ပြ-၁၊ ဘုရားကုန်းကွက်သစ်၊ ဘုရားကုန်းရပ်ကွက်၊ အကွက်အမှတ် - ၂၉၀ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေx၆၀ ပေ) ရှိ ဦးမြင့်အောင် အမည်ပေါက် ပိုင်ဆိုင်သော ပါမစ်မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နီနိုင်ထွန်း ၁၂/ဒဂမ(နိုင်)၀၂၁၇၄၂ က အဆက်အစပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးမင်းသန့်နိုင် ၁၂/သလန(နိုင်)၁၅၄၃၀၃ ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူရန် စရန်ငွေတစ်ချို့အား ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇)**
**LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

### ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သခင်မြလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် (၈၁၅)၊ ဒေါ်ရီရီလွင် (AV-၀၁၆၁၃၈၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်၊ ၁၅၂/၂၀၂၄ အရ အနိုင်ဒီကရီ ချမှတ်သည့် ၄-၁၁-၂၀၂၄ ရက် ရက်စွဲပါ စီရင်ချက်ဒီကရီအရ လက်ဝယ်ရရှိပိုင်ဆိုင်၊စီမံခန့်ခွဲခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးထင်လင်းအုံး ၁၀/ဘလန(နိုင်)၀၅၉၃၂၁ ထံမှ အဆိုပါ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀ပေx၆၀ပေ)ရှိမြေနှင့်အကျိုးခံစားခွင့် အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးသက်ထွန်းဇော် ၁၂/ဥကမ(နိုင်)၂၁၇၇၁၉နှင့် ဒေါ်ဖြူဖြူအောင် ၁၄/ဘကလ(နိုင်)၂၃၉၀၉ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်းကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းမူရင်း၊ အထောက်အထား ခိုင်လုံစွာယူဆောင်ပြီး ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝဿနစ်စည်သူ(LL.B)(D.I.L)(D.B.L)** **ဒေါ်မြတ်သွယ်ချမ်း(LL.B)(D.B.L)**
**အထက်တန်းရှေ့နေ (၅၃၀၀၃)** **အထက်တန်းရှေ့နေ (၅၅၆၆၈)**
**ဖုန်း-၀၉-၄၂၁၁၀၁၀၀၆၊ ၀၉-၈၅၇၇၅၂၁၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(S-၂၈၇၊S-၂၈၉)၊ ဧရိယာ ၀ ဒသမ ၅၁၇ ဧကရှိ ဦးရန်တင်ဆောင်း(ခ)အောင်နိုင်ဦး ၁၃/မဆတ (နိုင်)၀၅၈၂၅၇ အမည်ပေါက်(၂)ကွက်တွဲ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေကွက်အမှတ်(S-၂၈၉)၊ ဧရိယာ ၀ ဒသမ ၂၅၂ဧကအား မြေငှားစာချုပ်စာအုပ်(၁)အုပ်ဖြင့် ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မြေကွက်အမှတ် ပ-၂၃၃၀၂၊ မြေအကျယ် ၈၀'x၆၀' ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်မြို့ရှိ မြေကွက်အား ဦးစိုးထွန်းအောင် (ဘ) ဦးအောင်သန်းကျော် ၁၃/တကန(နိုင်) ၀၀၀၁၀၃ ထံမှ ကျွန်မဒေါ်ချောစုအောင်(ဘ)ဦးတင်ထွန်း ၁၂/သခန(နိုင်)၁၄၆၄၃၇ ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး အကြောင်းအရာတစ်စုံတစ်ရာရှိပါက သတင်းစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လေးစားစွာဖြင့်-**
**ဒေါ်ချောစုအောင်**
**အမှတ် ၃၄၆၈၁၊ ၎ရွှေဝါလမ်း၊ ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် ဖုန်း ၀၉-၂၅၂၇၁၈၅၅၇**

## အသိပေးကြေညာခြင်း

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ (၂)၊ အိမ်အမှတ် (၃၈/၄၆)နေ ဦးအောင်ရွှေ ၁၃/တကန(နိုင်)၃၁၀၆၁၂ ၏ လွှဲအပ်ချက်အရ ဒုအရာခံဗိုလ်မင်းအောင် (ကပ/၁၃၅၉၅၇) သိရှိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြေကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ အရာခံ ဒုရာခံဗိုလ်မင်းအောင် (ကပ/၁၃၅၉၅၇) ဂရန်အမည်ပေါက်ထားသည့် ဂရန်အမှုတွဲအမှတ်(၂၈၃၂/၁၉၉၁) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းက ဦးအောင်ရွှေ ၁၃/တကန(နိုင်)၃၁၀၆၁၂ ထံ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ မြေကွက်နှင့်တကွ စာရွက်စာတမ်းမူရင်းများ လက်ရောက်လွှဲပြောင်းပေးအပ်ကာ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်ပြုလုပ်ချုပ်ဆိုပေးမည်ဟု လူကြီးမင်းက ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဒုအရာခံဗိုလ်မင်းအောင်အနေဖြင့် ဖော်ပြပါအိမ်မြေအပေါ် ၁၈-၁၂-၂၀၂၄ ရက်နောက်ဆုံးထားကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအသိပေး ကြေညာလိုက်ရပါသည်။ တောင်းဆိုချက်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို လျှောက်ထား တရားစွဲဆိုခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဦးအောင်ရွှေ၏ လွှဲအပ်ချက်အရ -**

**ဒေါ်စုစုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၂၅) (၂၉-၄-၂၀၁၄)**
**အမှတ် (၀တ/၃၆၆)၊ မြသပိတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၅၃၉၆၃၁၆၂**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရန်အောင်မြင်ရွာ(လက်ရှိ ပြည်ပတွင်နေထိုင်သူ)ဒေါ်ခင်ခင်အေး (ဘ) ဦးမွေးကြူ ၈/ဂဂန(နိုင်)၀၈၇၂၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်အေးသည် ကောင်းသောဂုဏ်သတင်းဖြင့် နေထိုင်သူဖြစ်ပြီး Moe Sandar Nyein (Khin Khin Aye)အမည်ဖြင့် FaceBook accountအား သုံးစွဲလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေအသုံးပြုသည့် FaceBook account များအားပြသ၍ လူမှုကွန်ရက်ပေါ်တွင် သိက္ခာကျစေမည့် အပြောအဆိုအရေးအသားများဖြန့်ဝေခြင်း၊ ပေးပို့ခြင်းများပြုလုပ်နေကြောင်း သိရှိရ၍ အဆိုပါ အပြုအမူမျိုးများ ဆက်လက်မပြုလုပ်ပါရန်နှင့် အကယ်၍ ထိုသို့ဆက်လက်ပြုလုပ်ပါက မည်သူတစ်ဦးတစ်ယောက် ကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၄၈)**
**နယ်မြေ(၁၁)၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၈၁၄၂၇၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၁၂၇၆၉)၊ မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်စောမာဝင်း (ဘ) ဦးလှဝင်း ၈/ရစက(နိုင်) ၀၉၅၅၅၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်စောမာဝင်းမှ ဦးမနားဆင်(ဘ)ဦးမနားဒီး ၁/ပတအ(နိုင်)၀၀၂၆၃၀နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ (၂)၊ အိမ်အမှတ် (၃၈/၃၇)နေ ဒေါ်နှင်းချယ်ရီဦး ၁၃/တကန (နိုင်) ၃၁၀၆၀၁ ၏ လွှဲအပ်ချက်အရ ဦးမင်းအောင် (EA-002587) သိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြေကွက်အမှတ် (၃၇)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ ၀ ဒသမ ၁၀၅ ဧကရှိ အရာခံ ဦးမင်းအောင် (EA-002587) ဂရန်အမည်ပေါက်ထားသည့် ဂရန်အမှုတွဲအမှတ် (၂၆၀၆/၁၉၉၁) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းက ဒေါ်နှင်းချယ်ရီဦး ၁၃/တကန(နိုင်)၃၁၀၆၀၁ ထံ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ မြေကွက်နှင့်တကွ စာရွက်စာတမ်းမူရင်းများ လက်ရောက်လွှဲပြောင်းပေးအပ်ကာ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ မှတ်ပုံတင် အရောင်းအဝယ်ပြုလုပ်ချုပ်ဆိုပေးမည်ဟု လူကြီးမင်းက ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဦးမင်းအောင်အနေဖြင့် ဖော်ပြပါအိမ်မြေအပေါ် ၁၈-၁၂-၂၀၂၄ ရက်နောက်ဆုံးထားကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအသိပေး ကြေညာလိုက်ရပါသည်။ တောင်းဆိုချက်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို လျှောက်ထားတရားစွဲဆိုခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နှင်းချယ်ရီဦး၏ လွှဲအပ်ချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၂၅) (၂၉-၄-၂၀၁၄)**
**အမှတ် (၀တ/၃၆၆)၊ မြသပိတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၅၃၉၆၃၁၆၂**

### နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၈၅)၊ အလျား(၆၅) x အနံ(၆၀)၊ ဧရိယာ ၀ ဒသမ ၀၈၉ ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနမှ ဒေါ်တင်ညွန့်(ဘ)ဦးဘသိန်း ၁/မညန(နိုင်) ၀၇၀၃၅၃ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အမှတ်(၂၈၅)အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်အေးအေးစန်း (ဘ)ဦးဘတင် ၁၂/ပဇတ(နိုင်)၀၁၄၅၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု ထင်မြင်သူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြီးဆုံးသည်အထိ အပြီးအပိုင်လွှဲပြောင်း ရောင်းချသည့်ကိစ္စရပ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်ရှိုင်း (LL.B)၊**
**အထက်တန်းရှေ့နေ (စဉ်-၅၄၁၈၇)**
**အမှတ်(၇၆၈၈)၊ ရွှေတောင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသီဒ္ဓိရပ်ကွက်၊ နေပြည်တော်၊ ဖုန်း-၀၉-၂၆၀၈၆၇၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ် ပ-၃၄၃၃၄ကို အမည်ပေါက် ဦးကြည်ဆွမ်း (ဘ) ဦးအင်ဆွမ်း ၃/ဘအန(နိုင်)၁၀၇၇၈၀မှ ဒေါ်နန်းဟွမ်လင်း (ဘ) ဦးစိုင်းအောင်ညွန့် ၁၃/မရတ(နိုင်)၀၀၉၈၄၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့နယ်၊ ဘန်းယဉ် အုပ်စုနေ (ဘ) ဦးစွမ်ကျားဟုန် ၏ သမီး မနှင်းဖြူ ၁၃/ဆဆန (နိုင်)၀၉၆၂၈၃ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-138493)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၇၉၇၉၄၇၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ စခန်းကြီးကျေးရွာ(အထက)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဒိန်ခွမ်းကျိန် ၏ ဖခင် ဦးနိုဇာခွမ် နှင့် ဦးနော့ဇခမ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုဇာခွမ် (ခ) ဦးနော့ဇခမ်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 9G/6559, Toyota Landcruiser Prado K2J ယာဉ်အမည်ပေါက်သူ ဦးကျော်လွင် ၂/လကန(နိုင်)၀၅၉၅၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 79W/12769, Honda 110 ယာဉ်လက်ဝယ်ရှိသူ စောဟဲဘွယ်ဒို ၂/ဖဆန(နိုင်) ၀၀၀၅၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ လှိုင်ကော်**

## ကျေးဇူးတင်ရှိကြောင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဖိုးကျား(သံတွဲ)**

**B.P.I/D.C.P.T ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**

**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)**

**နာယက၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း**

**အသက်(၉၃)နှစ်**

၂၇-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးဖိုးကျားအား ဆေးရုံတက်နေစဉ်ကာလအတွင်း ဂရုတစိုက်ကုသပေးပါသော Grand Hantha International Hospital မှ သက်ဆိုင်ရာ အထူးကုဆရာ ဝန်ကြီးများနှင့်ဆေးဝန်ထမ်းများ၊ ဈာပနနှင့်ရက်လည်ဆွမ်းကျွေးသို့ လူကိုယ်တိုင်ကြွရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ပါသော ဌာနဆိုင်ရာအဖွဲ့အစည်း/အသင်းဖွဲ့များ၊ ဆရာ/ဆရာမများ၊ ဆေးဝါးပညာရှင်များ၊ တပ်မတော်ဆေးဝါးပညာရှင်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ဆရာ/ဆရာများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းလှ (မုံရွာ/မန္တလေး)

**အသက် (၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ (၈-လမ်းတောင်)၊ အမှတ်(၃)နေ (ဦးအုန်းတင်-ဒေါ်မွန်)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်တိုင်းမြ)တို့၏ချွေးမ၊ ဦးအောင်သန်း၏ဇနီး၊ (ဦးခင်မောင်ဝင်း)၊ ဒေါ်သန်းသန်းနွယ်၊ ဦးသန်းကျော်၊ ဦးထင်လင်း-ဒေါ်ထားထားနွယ်၊ ဦးချစ်မျိုးဝင်း-ဒေါ်အေးအေးနွယ်၊ ဦးချစ်ခိုင်-ဒေါ်အေးအေးသန်း၊ ဒေါ်မေ်မေ်သန်းတို့၏ မွေးသမိခင်သည် ၄-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၂-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ်(၃)၊ (၈)လမ်းတောင်၊ ဦးထင်လင်း-ဒေါ်ထားထား နွယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် (၁၁:၂၀)နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ဆွေလွင်

**အသက်(၇၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးရာကြီး-ဒေါ်စိန်စိန် )တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းမြင့် -ဒေါ်ခင်ယုလွင်၊ (ဦးခင်မောင်စိုး)-ဒေါ်တင်ဌေးလွင်၊ ဒေါ်ဘေဘီရှိန်၊ ဦးမြင့်အေး- ဒေါ်သန်းသန်းကြွယ်တို့၏ ညီမ/အစ်မ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ နဝဒေးအိမ်ရာတိုက်(ဂ-၂)၊ အခန်း(၂)နေ (ဗိုလ်မှူး မောင်မောင်)(ကကနက်)၏ ဇနီး၊ ဦးဇေလင်းမောင်-ဒေါ်စုစံသာအုန်း၊ ဦးအောင်သူမောင်မောင်(မြန်မာစီးပွားရေးကော်ပိုရေးရှင်း)၊ ဦးဇေယျာမောင်မောင်-ဒေါ်ငြိမ့်မွန်သင့်ထွဋ်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်ဆွေလွင်သည် ၄-၁၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၀၅နာရီတွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်း သွားပါသဖြင့် ၈-၁၂-၂၀၂၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးအိမ်ရာမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်အမှတ် (၉၂) (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ အခန်း (မြေညီထပ်) (B)၊ အကျယ်အဝန်း (၁၂.၅ပေ × ၄၇ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးယဉ်ထွေး (၁၂/သဃက (နိုင်) ၀၃၇၈၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/99004, Waikabar -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လင်း ၈/ပခက (နိုင်)၁၆၂၂၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)ရပ်ကွက်၊ မြေကွက်အမှတ် ၈၃၀၊ အကျယ်အဝန်း (ပေ၄၀xပေ ၆၀)၊ ဦးဘဆွေအမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (ပေ ၂၀xပေ ၆၀)၊ မြေကွက် (အမှတ်-၈၃၀၊ နဝဒေးလမ်းနှင့် မင်းလှရွှေတောင်လမ်းထောင့်၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးဘဆွေထံမှတစ်ဆင့် ဦးကျော်ထူး (၁၂/သကတ (နိုင်)၁၃၁၆၉၄)သည် အဆက်စပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိ၍ ၎င်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှထွေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၂၇)**

**အမှတ်-၈၃/၈၅၊ အခန်း (၁၄)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၄၇၅၈**

## သွေးသည် အသက်

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊**

**ဒီဃနိကာယပါဠိပါရဂူ၊ Ph.D**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ**

**ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေပုလ္လမဟာထေရ်**

**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ Ph.D၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝေပုလ္လ မဟာထေရ် သည်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်) ၃၀-၁၁-၂၀၂၄ရက် (စနေနေ့)ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၈ ရက်) ၈-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠန သဘင်ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များ နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

မှတ်ချက်-

(၄/၅/၆-၁၂-၂၀၂၄)ရက် နေ့စဉ် ညနေ ၆နာရီအချိန်တွင် ဓမ္မကထိကဆရာတော်များက မွန် + မြန်မာ နှစ်ဘာသာဖြင့် တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ တရားတော်နာကြွကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကျင်းပရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**စိန်ပေါလ်ကျောင်းသားဟောင်း ဦးအောင်ကြည် (ခ) David Tin**

**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

**B.A., B. Sc. (Hon:); B.Ed., H.G.P.; D.T.**

**အထက(၃) သာကေတ၊ အထက(၁) သာကေတ၊ အထက(၁) သင်္ဃန်းကျွန်း၊**

**အသက်(၈၉)နှစ်**

မန္တလေးမြို့ မီးရထားရုံပိုင်ချုပ်ကြီး(ငြိမ်း) A.T.M. ဦးဝင်းမြင့် - (ဒေါ်ဌေးရည်ဝင်း(ခ)Dolly)၏ အစ်ကိုကြီး ဦးအောင်ကြည် (၈၉)နှစ်သည် တောင်ဒဂုံ(၅၃) ရပ်ကွက် ပိတောက်မြိုင်လမ်း နေအိမ်တွင် (၂.၁၂.၂၀၂၄)နေ့၌ လူကြီးရောဂါဖြင့် ကွယ်လွန်၍ (၄-၁၂-၂၀၂၄)ရက် မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးခဲ့ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ**

**အဖြူရောင်နှလုံးသားဖောင်ဒေးရှင်း**

**မက္ခရာကျောင်းဝင်း၊ မန္တလေး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ခင်မေ**

**OiAC ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ**

**အသက်(၉၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကမ္မမြို့၊ မြဝတီရပ်နေ ဦးဟန်မောင်၏ ဇနီး၊ ဦးကြည်လင်းဟန်-ဒေါ်ခိုင်ခိုင်ဦး၊ ဦးခင်မောင်ကို-ဒေါ်မာမာဌေး၊ ဦးရဲလင်း-ဒေါ်အိအိခင်တို့၏ မွေးသမိခင်၊ မောင်ဟိန်းထက်အောင်-မချိုသံသာ၊ မောင်သူရကိုကို၊ မောင်ပြည်ဖြိုးကိုကို-မဝင်းနန္ဒာလင်း၊ မောင်မျိုးမြတ်ကိုကို-မစည်စည်အင်ကြင်း၊ မောင်ကောင်းမြတ်ကိုကို၊ မောင်မြင့်မြတ်ကိုကို-မဆုပြည့်ကောင်း၊ မောင်ထူးအောင်ကိုကို၊ မောင်သုတကိုကို၊ မသီရိကိုကို၊ မောင်ဘုန်းသန့်ကိုကို၊ မောင်ဟန်သာရဲလင်း၊ မောင်တည်ကြည်ရဲလင်း၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်ခင်မေသည် ၃၀-၁၁-၂၀၂၄(စနေနေ့) ည ၉:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၁၂-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၂-၂၀၂၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်-1-A/14 မြသီတာအိမ်ရာ၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တစ်လပြည့်ရည်စူးဆွမ်းကပ်အလှူဖိတ်ကြားခြင်း

**ဒေါ်သန်းသန်းဝင်း**

**B.Sc(Physics)(Mandalay–1973/77)**

**အသက်(၇၁)နှစ်**

၈-၁၁-၂၀၂၄ရက်က ကွယ်လွန်ခဲ့ပြီးသူ(ဦးထိန်ဝင်း-ဒေါ်သန်းစိန်) တို့၏သမီး၊ မသူဇာဝင်း၏အစ်မ၊ ဦးခင်နိုင်(ဒုရဲမှူး-ငြိမ်း)၏ဇနီး ဒေါ်သန်းသန်းဝင်း အသက် (၇၁) နှစ်အတွက် ရည်စူးရည်မှန်း၍ ၈-၁၂-၂၀၂၄ရက် ၁၀:၃၀နာရီတွင် ဘုရားအမှူးထားသောသံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ဒါတဗ္ဗဝတ္ထုအစု စုတို့အားဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ တိုက်အမှတ်(၆/၈)၊ အခန်း(၄၀၂) သို့ အတူတကွ တရားနာကြွရောက်ကြပါရန် သူငယ်ချင်းမိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းများအား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ နာရေး ကိစ္စအဝဝတို့အား အဘက်ဘက်မှကူညီပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မဆုသံစဉ်

**အသက်(၂၄)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်အမှတ်(၄၄)၊ အခန်းအမှတ်(၂၄)နေ (ဦးကျော်မင်း-ဒေါ်ညွန့်ညွန့်ဝင်း)တို့၏ သမီး၊ဦးမင်းသန့်၏ ညီမဖြစ်သူ မဆုသံစဉ် အသက်(၂၄)နှစ်သည် ၅-၁၂-၂၀၂၄ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကွယ် လွန်သွားပါသဖြင့် ၇-၁၂-၂၀၂၄ရက် နံနက် ၁၁ နာရီတွင် ကွေ့ကြီးသုသာန်၌ မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)**

**လှည်းကူးမြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁**

| | | |
|---|---|---|
| တပ်ကြပ် တင်ထွန်းအောင် | **နှင့်** | ဒေါ်အေးအေးအောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အင်းချောင်းကျေးရွာနေ ဒေါ်အေးအေးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုစပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၀ )ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၅)ရက်)မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၅ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**

**တွဲဖက်မြို့နယ်တရားသူကြီး**

**လှည်းကူးမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊ အထက (၂)မှ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းဦး(ခ)မသန်းဦး (၁၃/ကလန(နိုင်) ၀၁၀၁၉၇)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးကျော်ဝင်း၏သား မောင်သန့်ဇင် ၁၂/ဗဟန(နိုင်) ၀၈၅၉၀၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၀၅၀၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/81721, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/71226, SHAYAN-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမူမြင့် ၈/ပခက(နိုင်)၁၁၃၁၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို ...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒုစရိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ တိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းနှင့် အွန်လိုင်းနည်းပညာများအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား ခြေရာခံအတည်ပြုကာ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ဟီးကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့်

*စာမျက်နှာ ၁၇ ကော်လံ ၁* ✻



တန့်ယန်းမြို့နယ်၌ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



# အာဆင်နယ်က အကြိတ်အနယ်ကစားပြီး မန်ယူကို ဂိုးပြတ် အနိုင်ရ

ဒီဇင်ဘာ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၄) တွင် အာဆင်နယ်က အကြိတ်အနယ်ကစားပြီး မန်ယူအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်ကို အာဆင်နယ်အသင်းအိမ်ကွင်း အမ်းမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့ကာ ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

အိမ်ရှင်အာဆင်နယ် အသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးဖန်တီးမှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် နည်းပြသစ် အမ်မိုရင်၏ မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပုံစံကောင်းပျောက်ဆုံးခဲ့သည့် မန်ယူအသင်းသည် အာဆင်နယ်အသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးနိုင်မှု ပြုလုပ်နိုင်ခဲ့ခြင်း မရှိချေ။

*စာမျက်နှာ ၁၇ ကော်လံ ၅* ●


ယနေ့ ဖတ် စ ရာ

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလိုလားသူတို့၏စကားသံများ

တွေ့ဆုံမေးမြန်း | စာ ၈

သတင်းပေး တိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါ ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း | စာ ၁၇

နွားထိုးကြီးမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိ

ပြည်တွင်းသတင်း | စာ ၁၇